# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၃၁)၊ ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ ၃၀-၁၂-၂၀၂၅၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) **(ဓမ္မပဒ)**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

## ရွေးကောက်ပွဲမှတစ်ဆင့် အရည်အချင်းရှိသည့် ကိုယ်စားလှယ်များထွက်ပေါ်လာခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်မည့် အခြေအနေများ ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနေမှုကို လာရောက်လေ့လာခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညှိခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

စာမျက်နှာ ၃ သို့ ❖

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်၊ အင်္ဂါနေ့။

## ပညာရေးကဏ္ဍနှင့် လူငယ်ကဏ္ဍကို မြှင့်တင်အားပေး ဆောင်ရွက်လျက်ရှိ

လောကကြီးတွင် မွေးကင်းစလူဖြစ်လာသည့်အရွယ်မှစ၍ ပတ်ဝန်းကျင်ကို လေ့လာ၍သင်ယူတတ်မြောက်လာကြသည်။ အရွယ်ရောက်စအချိန်တွင် အသက်အရွယ်အလိုက် အသိပညာ တိုးပွားစေမည့်ပညာတို့ကို လေ့လာသင်ယူကြရသည်။ လူလားမြောက်သောအရွယ်တွင် အသိပညာ၊ အတတ်ပညာ၊ တီထွင်ကြံဆ၊ ဆင်ခြင်တုံတရားများ မြင့်မားလာအောင် ကြိုးပမ်းအားထုတ်ကြရသည်။

လူဖြစ်လာလျှင် မလွဲမသွေလုပ်ဆောင်ရမည့် ဘဝတိုးတက်ရေး လုပ်ငန်းစဉ်ဖြစ်သည်။ လူဖြစ်လာလျှင် ဘဝတိုးတက်ရေးအတွက် လူတိုင်းလူတိုင်း ပညာသင်ကြားကြရသည်။ ပညာသင်ကြားခြင်းသည် ကလေးသူငယ်၊ လူငယ်အားလုံးအတွက် အခွင့်အရေးတစ်ခုဖြစ်သလို တာဝန်လည်းဖြစ်သည်။ ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏အနာဂတ်အတွက် တန်ဖိုးကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ တန်ဖိုးကြီးသည့် အရင်းအနှီးကို အချိန်ကာလရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်ကြရသည်။ နိုင်ငံတော်က အသိပညာ၊ အတတ်ပညာ ပြည့်စုံသော ပညာတတ်များ ပေါ်များရေး၊ အရည်အသွေးရှိသော သင်ကြားသင်ယူမှုမြှင့်တင်ရေး၊ အသုံးချသုတေသနနှင့် ဆန်းသစ်တီထွင်မှု အားပေးရေးတို့ကို ပေါက်မြောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်။ ပညာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ခြင်းနှင့်အတူ ကောင်းမြတ်သော စာရိတ္တပျိုးထောင်ခြင်းကို ငယ်ငယ်ကတည်းက စတင်ရသည်မှာ လူတိုင်းအသိပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်များကို စာရိတ္တပညာရအောင် ကလေးအရွယ်ကပင် ပြုစုပျိုးထောင်ရမည်ဖြစ်သည်။ ကောင်းသောစာရိတ္တ၌ အကျင့်ရလာသောလူငယ်သည် သူတို့အရွယ်တူချင်းတွင်လည်း အများ၏ယုံကြည်လေးစားမှုကိုခံရမည်ဖြစ်သည်။ စာရိတ္တကောင်းသော ထိုလူငယ်ကို လူကြီးများကချစ်ခင်ကြသည်။ မိဘတို့သည် သား၊ သမီးတို့အား အချိန်တန်၍ အိမ်ထောင်ချပေးမည်ဆိုလျှင် မျိုးရိုးကိုစစ်ဆေးကြသည်။ စာရိတ္တကောင်း၊ မကောင်းကိုစုံစမ်းကြသည်။ လူငယ်တစ်ယောက်အတွက် မျိုးရိုးနှင့်စာရိတ္တသည် အရေးအကြီးဆုံးဖြစ်သည်။ လူဆိုသည်မှာ မိမိတွင် မကောင်းသောအကျင့်ရှိလျှင် ပေါ်လွင်အောင်မပြဘဲ ဖုံးထားတတ်ကြသည်။ လူတို့၏အတွင်းစိတ်ကို သိရခဲသည်။ အရေးကြုံမှသာ အကျင့်ကောင်း၊ မကောင်းပေါ်လာတတ်သည်။ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ ၎င်းတို့၏ အနာဂတ်ဘဝတစ်လျှောက်တွင် လူတစ်လုံးသူတစ်လုံးရပ်တည်ရှင်သန်နိုင်စေရန်နှင့် နိုင်ငံအတွက်လည်း သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်လာစေရန် လိုအပ်သော အရည်အသွေး၊ အရည်အချင်းများ ဖြည့်ဆည်းပေးနိုင်ရေးပင်ဖြစ်သည်။ လူငယ်တို့၏ အကျင့်စာရိတ္တပျိုးထောင်ရေးသည် အဓိကကျလှပါသည်။ လူငယ်များအား စာရိတ္တပျိုးထောင်ရာတွင် ရှေးကဘုန်းကြီးကျောင်းပညာသင်ကြားရေးသည် အလွန်အကျိုးများ ထိရောက်သည်ဟု ထင်ရသည်။ ဘုန်းကြီးကျောင်းရောက်သည်နှင့် တစ်ပြိုင်နက် ဘုရားစာအရင်သင်ရသည်။ သင်ပုန်းကြီး စသင်ကြားရပြီး ၅၅၀ ဇာတ်၊ လောကနီတိ ဆုံးမစာအမျိုးမျိုးကို သင်ကြားရသည်။ ဆုံးမစာများ၏ သဘောအချုပ်သည်ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးကို ယဉ်ကျေးအောင်ဦးတည်ခြင်းဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်က လူငယ်များကိုဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် ပညာရေးကဏ္ဍနှင့် လူငယ်ကဏ္ဍကိုမြှင့်တင်အားပေးဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## မြစ်သားမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

**မြစ်သား ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ ယနေ့နံနက် ၉ နာရီခွဲက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က သုတ၊ ရသစာအုပ်များ လေ့လာဖတ်ရှုပြီး အသိပညာဗဟုသုတများရရှိစေရန်၊ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန်၊ စာကြည့်တိုက်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ယခုကဲ့သို့ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းကျောင်းများ၊ အခြေခံပညာမူလတန်းလွန်ကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ကိုးဦး စုစုပေါင်း ၂၀ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများ ပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲသို့ မြစ်သားမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

၀–၀–၀–၀–၀

၀–၀–၀

၀–၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ အကွက် (၁၃)၊ အုတ်စက်ရပ်ကွက်၊ ဓမ္မာရုံအတွင်းနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။ **(အောက်ပုံ)**



သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဒီဇင်ဘာ ၃၀ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်၊ ၁လမ်း၊ ၇၅လမ်းနှင့် ၇၆လမ်းကြားနှင့် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ တောင်မြို့ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံအနောက်ဘက်တို့တွင် လည်းကောင်း၊ ဒီဇင်ဘာ ၃၁ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် ရောင်းချပေးပြီး ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် နှစ်သစ်ကူးရုံးပိတ်ရက်များအဖြစ် သက်သာဈေးရောင်းချမှုအစီအစဉ်ကို ရပ်နားထားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်–၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂–၂၈၄၇၃၉၈၊ ၀၂–၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉–၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်


**တိုင်းသူပြည်သား လူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှိန့်ရှိန့်၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❖ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်စဉ်။

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌအနေဖြင့် မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပခဲ့မှုကို နိုင်ငံတကာမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့်အတူ လေ့လာခဲ့ရမှုနှင့် မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် လွတ်လပ်တက်ကြွစွာဖြင့် ဆန္ဒမဲများ ပေးနေမှုကို မျက်မြင်တွေ့ရှိခဲ့ရမှု အခြေအနေများ၊ ရွေးကောက်ပွဲမှတစ်ဆင့် အရည်အချင်းရှိသည့် ကိုယ်စားလှယ်များ ထွက်ပေါ်လာခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရွေးကောက်ပွဲကျင်းပရန် ကျန်ရှိနေသည့်မြို့နယ်များအား အပိုင်းလိုက် ဆက်လက်ကျင်းပသွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ကာကွယ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍနှင့် လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

> ❝ရွေးကောက်ပွဲကျင်းပရန် ကျန်ရှိနေသည့် မြို့နယ်များအား အပိုင်းလိုက် ဆက်လက်ကျင်းပသွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်ပြောင်းလဲမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ကာကွယ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍနှင့် လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး❞

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၂၉

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်သည် ဟန္ဒိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါနိုင်ငံ သံအမတ်ကြီး H.E. Mr. Mario Jose Armengol Campos အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Nay Pyi Taw Hotel ပုဂံဆောင်ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁) အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ခဲ့မှုနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါနိုင်ငံ သံအမတ်ကြီးက ရွေးကောက်ပွဲတွင် လွတ်လပ်မျှတပြီး ပွင့်လင်းမြင်သာမှုရှိစွာဖြင့် မဲဆန္ဒရှင်ပြည်သူများ မဲပေးနေမှု၊ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ စနစ်တကျဆောင်ရွက်နေမှုတို့ကို လေ့လာခွင့်ရရှိခဲ့ပြီး နွေးထွေးပျူငှာစွာ ဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး သိရှိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးဖြေကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်နှင့်အတူ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ စောင့်ကြည့်လေ့လာခဲ့မှုဆိုင်ရာ မှတ်ချက်ပြုအခမ်းအနားကျင်းပ






ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသို့ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ စောင့်ကြည့်လေ့လာခဲ့မှုဆိုင်ရာ မှတ်ချက်ပြုအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၉

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် မြို့နယ်ပေါင်း ၁၀၂ မြို့နယ်၌ ကျင်းပပြီးစီးခဲ့သည့် အပိုင်း(၁) ရွေးကောက်ပွဲသို့ လာရောက်လေ့လာခဲ့ကြသည့်နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ စောင့်ကြည့်လေ့လာခဲ့မှုဆိုင်ရာ မှတ်ချက်ပြုအခမ်းအနားကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ရှိ Jasmine Nay Pyi Taw ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမျိုးလှိုင်၊ ဖိတ်ကြားထားသော ဒုတိယဝန်ကြီးများ၊ ရွေးကောက်ပွဲလာရောက် စောင့်ကြည့်လေ့လာခဲ့ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara-Ool ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် Mr. Igor Borisov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာ ဌာနမှ Ms. Chen Xuanbo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Yerman Mukhtar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် Mr. YICH Samethy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံမှ နိုင်ငံတကာဆက်ဆံရေး အကြီးအကဲ Mr. Nguyen Duc Thinh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွါနိုင်ငံမှ Mr. Mario Jose Armengol Campos ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အိန္ဒိယနိုင်ငံမှ အငြိမ်းစားဗိုလ်ချုပ် Mr. Sahni Arun Kumar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဂျပန် - မြန်မာအသင်းမှ Mr. Yusuke WATANABE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးက လာရောက်လေ့လာမှုအတွက် ဝမ်းမြောက် ဂုဏ်ယူကျေးဇူးတင်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ခြင်းသည် လွှတ်တော် အသီးသီး ခေါ်ယူဖွဲ့စည်းနိုင်ရန်နှင့် လွှတ်တော်မှတစ်ဆင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ သမ္မတမှ တာဝန်ပေးအပ်သည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများဖြင့် အစိုးရအဖွဲ့ တာဝန် ပေးအပ်နိုင်ရေး ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ရွေးကောက်ပွဲအထမြောက်ရန်နှင့် ဥပဒေနှင့်ညီညွတ်ရန် အရေးကြီးပါကြောင်း။

၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် နိုင်ငံအတွက် အရေးပါသည့် မှတ်တိုင်တစ်ခု ဖြစ်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ် မှန်ကန်မှု၊ ဂုဏ်သိက္ခာရှိမှု၊ ယုံကြည်စိတ်ချရမှုတို့ အတွက် စောင့်ကြည့်လေ့လာသူများ အဖြစ် ပါဝင်ခဲ့ကြသည့် အဆွေတော်တို့၏ အခန်းကဏ္ဍသည် အလွန်ပင် အရေးကြီးပါကြောင်း၊ အဆွေတော်တို့၏ ပါဝင်မှုသည် ဒီမိုကရေစီလုပ်ငန်းစဉ် ပွင့်လင်းမြင်သာမှု၊ လွတ်လပ်မှုနှင့် တရားမျှတမှု၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုတို့၏ အရေးပါပုံကို မီးမောင်းထိုးပြလျက် ရှိပါကြောင်း၊ အဆွေတော်တို့၏ လေ့လာတွေ့ရှိမှုနှင့် အကြံပြုချက်များသည် ပြည်သူလူထု၏ ယုံကြည်မှုကို ခိုင်မာစေပြီး ဒီမိုကရေစီ စနစ် တိုးတက်ထွန်းကားရေးအတွက် အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံမှုရှိသည့် နိုင်ငံခြားရေးမူဝါဒကို ချမှတ်ထားပြီး အဆိုပါ အချက်အပေါ် အခြေခံ၍ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

အဆွေတော်တို့၏ မြန်မာနိုင်ငံအပေါ် သမာသမတ်ကျစွာ ထောက်ခံရပ်တည်ပေးမှုတို့သည် တန်ဖိုးမဖြတ်နိုင်သော မိတ်ဆွေရင်း၊ ညီအစ်ကို စိတ်ဓာတ်များ ဖြစ်၍ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ များစွာ ကျေးဇူးတင်ပါကြောင်း၊ အဆွေတော်နိုင်ငံတို့နှင့် မြန်မာနိုင်ငံတို့သည် အစိုးရအချင်းချင်း ဆက်ဆံရေး သာမက နိုင်ငံသူ နိုင်ငံသားအချင်းချင်း ဆက်ဆံရေးသည်လည်း မိတ်ဆွေ အရင်းအချာနိုင်ငံများအဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်ပါကြောင်း။

အဆွေတော်တို့အနေဖြင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခဲ့ခြင်းနှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်များ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးရန် ဖိတ်ခေါ်အပ်ပါကြောင်း၊ လေ့လာတွေ့ရှိမှုများ၊ အကြံပြုချက်များနှင့် ဆွေးနွေးမှုများကို ပျော်ရွှင်ဝမ်းမြောက်စွာ လက်ခံလိုပါကြောင်း၊ အဆွေတော်တို့၏သဘောထားအမြင်များကို လက်ခံရရှိပြီး နောင်တွင် ယခုထက် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ရှာဖွေနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ကာဇက်စတန်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများက ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခဲ့မှု အခြေအနေများကို မှတ်ချက်ပြုပြောကြားခဲ့သည်။

**(ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခဲ့ကြသည့် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ စောင့်ကြည့်လေ့လာခဲ့မှု အခြေအနေမှတ်ချက်ပြုပြောကြားချက် အပြည့်အစုံကို စာမျက်နှာ (၅)တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက်ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသို့ လာရောက်စောင့်ကြည့်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ နေပြည်တော်လေဆိပ်မှ ပြန်လည်ထွက်ခွာ



နေပြည်တော် ဒီဇင်ဘာ ၂၉

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)သို့ လာရောက်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် လေကြောင်းခရီးဖြင့် နေပြည်တော်လေဆိပ်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမျိုးလှိုင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ပြည်ထောင်စုနယ်မြေနှင့် ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာနမှ Ms. Chen Xuanbo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Yerman Mukhtar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် Mr. YICH Samethy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံမှ နိုင်ငံတကာဆက်ဆံရေးအကြီးအကဲ Mr. Nguyen Duc Thinh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွါနိုင်ငံမှ Mr. Mario Jose Armengol Campos ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အငြိမ်းစားဗိုလ်ချုပ် Mr. Sahni Arun Kumar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် မွန်းလွဲ ၁၂ နာရီခွဲတွင် လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. Igor Borisov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ညနေ ၆ နာရီ မိနစ် ၂၀ တွင် လည်းကောင်း လေကြောင်းခရီးဖြင့် အသီးသီးထွက်ခွာသွားကြောင်း သိရသည်။ သတင်းစဉ်

# နိုင်ငံတကာလေ့လာစောင့်ကြည့်အဖွဲ့များ၏ မြန်မာနိုင်ငံရွေးကောက်ပွဲအပေါ် သဘောထားမှတ်ချက်များပေးခြင်းအခမ်းအနားတွင် ပြောကြားသည့် နိုင်ငံတကာတာဝန်ရှိသူများ၏ သဘောထားမှတ်ချက်များ

၂၉-၁၂-၂၀၂၅



H.E.Mr.Sholban Kara-Ool
ရုရှားဖက်ဒရေးရှင်းနိုင်ငံ
ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ

ကြွရောက်လာကြတဲ့ မြန်မာနိုင်ငံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌကြီးနှင့်တကွ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာမှ ဧည့်သည်တော်များခင်ဗျာ။ မနေ့က ကျင်းပခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရွေးကောက်ပွဲကို နိုင်ငံတကာက စောင့်ကြည့်လေ့လာရေး အဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး လေ့လာခဲ့ပါတယ်။ ကျွန်တော်တို့ Delegation အဖွဲ့မှာ ရုရှားနိုင်ငံရဲ့ နိုင်ငံရေးပါတီကိုယ်စားလှယ်များသာမက ရွေးကောက်ပွဲကော်မရှင်က ကိုယ်စားလှယ်များပါ ပါဝင်ပါတယ်။ သူတို့က မြန်မာနိုင်ငံမှာ ကျင်းပတဲ့ ရွေးကောက်ပွဲသာမက အခြားနိုင်ငံများမှာ ကျင်းပတဲ့ ရွေးကောက်ပွဲတွေကိုပါ တစ်ကြိမ်မက လေ့လာခဲ့ဖူးပါတယ်။ ကျွန်တော်တို့အဖွဲ့ဝင်တွေရဲ့ အတွေ့အကြုံများကိုလည်း မိတ်ဆက်ပေးပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ အတွေ့အကြုံတွေနဲ့ မြန်မာနိုင်ငံရဲ့ရွေးကောက်ပွဲကိုချိန်ထိုးပြီး လာရောက်လေ့လာနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ မနေ့ကလေ့လာခဲ့တဲ့အချိန်မှာ မြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင်ရဲ့ ကြိုးစားအားထုတ်မှုများကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပါတယ်။ ဒီအလုပ်တွေဟာ တကယ်တော့ လွယ်ကူတဲ့အလုပ်တော့ မဟုတ်ပါဘူး။ တကယ်ကြိုးစားအားထုတ်နေတယ်ဆိုတာ သိသာမြင်သာပါတယ်။ ကျွန်တော်တို့ မနေ့က လေ့လာခဲ့တဲ့အချိန်မှာ ရွေးကောက်ပွဲ မဲပေးနေကြတာဟာ အီလက်ထရောနစ်စက်တွေကို အသုံးပြုနေတာတွေ့ရပါတယ်။ အီလက်ထရောနစ်စက်တွေဟာ တာဝန်ရှိသူများ ရှင်းပြချက်များအရ ပြင်ပက အီလက်ထရောနစ်နှောင့်ယှက်မှုတွေ လုံးဝမပြုလုပ်နိုင်ဘူးဆိုတာလည်း သိရပါတယ်။ ကျွန်တော်တို့ မျက်မြင်ကြည့်တဲ့အချိန်မှာလည်းမှန်ပါတယ်။ ကောင်းကောင်းမွန်မွန်လည်း အလုပ်လုပ်ပါတယ်။ ပြင်ပက နှောင့်ယှက်မှုပုံစံမျိုးလည်း မတွေ့ရပါဘူး။ ဒီစက်တွေကို အသုံးပြုပြီးတော့ ရွေးကောက်ပွဲလုပ်ဆောင်ခြင်းဟာ တကယ်စစ်မှန်တဲ့ရလဒ်တွေ ရရှိလာလိမ့်မယ်လို့သုံးသပ်ရရှိပါတယ်။ အခုရွေးကောက်ပွဲမှာ Electronic Voting Machine တွေ အသုံးပြုခြင်းဟာ ရွေးကောက်ပွဲအတွက် ဆုလာဘ်တစ်ခုပဲဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲမှာ အသုံးပြုတဲ့ စက်တွေအနေနဲ့ အရင်တုန်းက ရွေးကောက်ပွဲ မဲပေးတဲ့အချိန်မှာ ကြာမြင့်မှုတွေကို အများကြီး လျှော့ချနိုင်တာကို ကျွန်တော်တို့ မျက်မြင်ပဲတွေ့ခဲ့ပါတယ်။ မဲပေးမှုလုပ်ငန်းတွေ မြန်ဆန်လာတာ တွေ့ရှိခဲ့ပါတယ်။ ဆန္ဒမဲပေးမယ့်လူတွေက အတန်းရှည်ကြီးတွေ တန်းစီပြီးတော့ တကယ်ကို တက်ကြွစွာ တွေ့ရပါတယ်။ သူတို့လည်း ပျော်ရွှင်နေကြပါတယ်။ ဒီမှာလုပ်ဆောင်နေတဲ့ ရွေးကောက်ပွဲကော်မရှင်က ဝန်ထမ်းတွေလည်း ကိုယ့်အလုပ်ကို ဂရုတစိုက်တက်ကြွစွာ လုပ်ဆောင်နေတာတွေ့ရပါတယ်။ မနေ့က ကျွန်တော်တို့ မဲပေးတဲ့ပြည်သူတွေကို သွားရောက်ပြီး နှုတ်ဆက်စကားနဲ့ အခြားမေးမြန်းမှု အနည်းငယ် ပြုလုပ်ခဲ့ပါတယ်။ သူတို့အားလုံးက တက်ကြွနေကြပါတယ်။ ရွေးကောက်ပွဲကို စိတ်ဝင်တစားလည်းရှိကြပါတယ်။ ပျော်ရွှင်တက်ကြွစွာ မဲပေးဖို့ပြင်ဆင်နေတဲ့အကြောင်း သူတို့ပြောပါတယ်။ ပါတီတွေက စောင့်ကြည့်နေတဲ့ ကိုယ်စားလှယ်တွေကလည်း သူတို့အလုပ်ကို ဂရုတစိုက် လုပ်ဆောင်နေကြတာကိုလည်း တွေ့ရှိခဲ့ပါတယ်။ မဲပေးတဲ့သူတချို့ဟာ သူတို့မိသားစုဝင်တွေနဲ့ မဲရုံတွေမှာ စောင့်ဆိုင်းနေတာကို တွေ့ရပါတယ်။ ဒါကတကယ့်ကို အပေါင်းလက္ခဏာဆောင်တဲ့သဘောဖြစ်ပါတယ်။ ဒီလိုမျိုးတွေကို ကြည့်ရတာ ကျွန်တော်တို့အနေနဲ့ ရွေးကောက်ပွဲကို ပြည်သူတွေက ယုံကြည်မှုရှိတယ်။ လုံခြုံရေးကိစ္စရပ်တွေကိုလည်း ယုံကြည်မှုရှိတယ်ဆိုတဲ့ သဘောလက္ခဏာတွေကို ဆောင်ပါတယ်။ ဒါကြောင့် အခုကျင်းပတဲ့ ရွေးကောက်ပွဲအပေါ်မှာ ကျွန်တော့်အနေနဲ့ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်တာရယ် ရွေးကောက်ပွဲအပေါ်မှာ ဆောင်ရွက်ပေးထားတဲ့ တာဝန်ရှိသူတွေရဲ့ ကြိုးပမ်းအားထုတ်မှုတွေ၊ လုံခြုံမှုအပြည့်အဝပေးနိုင်တာအတွက် ကျွန်တော်တို့ ရုရှား Delegation အဖွဲ့ကိုယ်စား ဂုဏ်ယူပါတယ်လို့ ပြောလိုပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲ ကျင်းပပေးသူတွေရော၊ ပါဝင်တဲ့ပြည်သူတွေရော လိုလားတဲ့ တည်ငြိမ် အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အောင်မြင်မှုရှိမယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ရွေးကောက်ပွဲအပေါ်မှာ ဥပဒေနဲ့ လျော်ညီစွာ ကြိုးပမ်းအားထုတ်မှုတွေဟာ မေ့ပျောက်လို့ ရမယ့် ကိစ္စတွေမဟုတ်ပါဘူး။ တာဝန်ရှိသူတွေအနေနဲ့ ဂရုတစိုက်နဲ့ လုပ်ဆောင်နေတယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ရွေးကောက်ပွဲကော်မရှင်က ဝန်ထမ်းတွေ ရွေးကောက်ပွဲအပေါ် တကယ့်ကို ကြိုးစားအားထုတ်ခဲ့မှုတွေ၊ မြန်မာနိုင်ငံအကြီးအကဲရဲ့ ရွေးကောက်ပွဲအပေါ် တကယ့်ကို စိတ်ဆန္ဒအမှန်နဲ့ ကြိုးပမ်းခဲ့မှု၊ မြန်မာနိုင်ငံကပြည်သူတွေ ပြင်းပြစွာဆန္ဒရှိမှုကို ဝမ်းသာဂုဏ်ယူကြောင်း ပြောလိုပါတယ်။ ရွေးကောက်ပွဲအပိုင်း (၁) ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအပေါ် များစွာဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။



Mr. Igor Borisov (ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်)

အခမ်းအနားကို ကြွရောက်လာကြတဲ့မိတ်ဆွေများ မင်္ဂလာပါ။ ကျွန်တော်တို့ Delegation ခေါင်းဆောင် မြန်မာနိုင်ငံမှာကျင်းပတဲ့ ရွေးကောက်ပွဲအပေါ် သူရဲ့အမြင်တွေကို ပြောပြသွားတာ တော်တော်ပြည့်စုံပါတယ်။ ကျွန်တော် မြင်တွေ့ခဲ့တာကို အနည်းငယ် ပြောပြချင်ပါတယ်။ အခုကျင်းပပြုလုပ်တဲ့ရွေးကောက်ပွဲက ပွင့်လင်းမြင်သာမှု ရှိပါတယ်။ ဥပဒေနဲ့ညီစွာ ဆောင်ရွက်တာမို့လို့ ကျေးဇူးတင်ကြောင်း ပထမဦးစွာ ပြောလိုပါတယ်။ တာဝန်ရှိသူများရဲ့ ကြိုးစားလုပ်ဆောင်ခဲ့မှုကြောင့် ဒီရွေးကောက်ပွဲကို ကျွန်တော်တို့ လေ့လာခွင့်ရခဲ့ပါတယ်။ မဲပေးတဲ့ပြည်သူအချို့နဲ့ ကျွန်တော်တို့ စကားပြောဆိုမှုတွေ ပြုလုပ်နိုင်ခဲ့ပါတယ်။ ရွေးကောက်ပွဲကော်မရှင်က ဝန်ထမ်းတွေနဲ့ သွားရောက်လေ့လာခဲ့တဲ့ မဲရုံတွေက ဝန်ထမ်းတွေနဲ့ စကားပြောဆိုနိုင်ခဲ့ပါတယ်။ Electronic Voting Machine ရဲ့ အလုပ်လုပ်မှုကိုလည်း သိရှိခဲ့ရပါတယ်။ တာဝန်ရှိသူတွေ စီစဉ်ထားတဲ့ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်တွေရော ကျွန်တော်တို့ လာရောက်လေ့လာဖို့အတွက်စီစဉ်ထားတာရော၊ Electronic Voting Machine တွေ အသုံးပြုတာတွေကိုပါ ကောင်းမွန်ပါတယ်လို့ မှတ်ချက်ပေးလိုပါတယ်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေမှာ ဥပဒေပြုမှုကစလို့ ရွေးကောက်ပွဲအတွက် ကြိုးပမ်းအားထုတ်မှု၊ လုံခြုံရေးဆိုင်ရာထောက်ပံ့ပေးမှု၊ ဝန်ထမ်းများရဲ့ တက်ကြွစွာ လုပ်ဆောင်နေမှုတွေကို ရုရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ အဆင့်အတန်းမြင့်တဲ့ ရွေးကောက်ပွဲ၊ ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲဖြစ်တယ်ဆိုတာကို ကျွန်တော် ကြေညာလိုပါတယ်။ ကျွန်တော် ထပ်မံပြောလိုတာက ဒီရွေးကောက်ပွဲကို စနစ်တကျဆောင်ရွက်ထားတာဖြစ်လို့ ရွေးကောက်ပွဲကို ဆန့်ကျင်တဲ့သူတွေ၊ ဒီမိုကရေစီလမ်းကြောင်းအပေါ်က သွေဖည်အောင်လုပ်နေတဲ့သူတွေကို မတွေ့ခဲ့ပါဘူး။ ရွေးကောက်ပွဲ မကျင်းပမီ အစောပိုင်းကာလတွေမှာ အင်တာနက်ပေါ်မှာ ဒီရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီး သတင်းတွေ ပျံ့နှံ့အောင်လုပ်ဆောင်ခဲ့တဲ့သူတွေကို တွေ့ရပါတယ်။ မြန်မာနိုင်ငံ ရွေးကောက်ပွဲကို Information Technology တွေ အသုံးပြုပြီး တိုက်ခိုက်နေတယ်ဆိုတာကိုလည်း ကျွန်တော်တို့ ကောင်းကောင်းသိပါတယ်။ ရွေးကောက်ပွဲကော်မရှင်ရော ပြည်သူတွေပါ ဒီလိုတိုက်ခိုက်မှုတွေကို ရှောင်ရှားကျော်လွှားပြီးတော့ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို လျှောက်လှမ်းနိုင်မယ့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်ကိစ္စရပ်တွေကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာ ကျွန်တော် ပြောလိုပါတယ်။ ကျွန်တော်ထပ်မံ ပြောကြားလိုတာက မြန်မာနိုင်ငံအကြီးအကဲရဲ့ ထောက်ပံ့ပေးမှု၊ ပြည်သူတွေအားလုံး ရွေးကောက်ပွဲအပေါ် အောင်အောင်မြင်မြင် ကျော်လွှားနိုင်ခဲ့တယ်ဆိုတာ ထပ်လောင်းပြောချင်ပါတယ်။ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်တွေမှာ မြန်မာနိုင်ငံအနေနဲ့ အကူအညီတွေလိုတယ်ဆိုရင် အကူအညီပေးဖို့အသင့်ရှိတယ်ဆိုတာ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

စာမျက်နှာ ၆ သို့ ☆

❖ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်တာရယ် ရွေးကောက်ပွဲအပေါ်မှာ ဆောင်ရွက်ပေးထားတဲ့ တာဝန်ရှိသူတွေရဲ့ ကြိုးပမ်းအားထုတ်မှုတွေ၊ လုံခြုံမှုအပြည့်အဝပေးနိုင်တာအတွက် ကျွန်တော်တို့ ရုရှား Delegation အဖွဲ့ကိုယ်စား ဂုဏ်ယူပါတယ်လို့ ပြောလိုပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲကျင်းပပေးသူတွေရော ပါဝင်တဲ့ပြည်သူတွေရော လိုလားတဲ့ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အောင်မြင်မှုရှိမယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ရွေးကောက်ပွဲအပေါ်မှာ ဥပဒေနဲ့ လျော်ညီစွာ ကြိုးပမ်းအားထုတ်မှုတွေဟာ မေ့ပျောက်လို့ရမယ့် ကိစ္စတွေမဟုတ်ပါဘူး။ တာဝန်ရှိသူတွေအနေနဲ့ ဂရုတစိုက်နဲ့ လုပ်ဆောင်နေတယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။

H.E.Mr.Sholban Kara-Ool

❖ ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွေမှာ ဥပဒေပြုမှုကစလို့ ရွေးကောက်ပွဲအတွက် ကြိုးပမ်းအားထုတ်မှု၊ လုံခြုံရေးဆိုင်ရာ ထောက်ပံ့ပေးမှု၊ ဝန်ထမ်းများရဲ့ တက်ကြွစွာ လုပ်ဆောင်နေမှုတွေကို ရုရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ အဆင့်အတန်းမြင့်တဲ့ ရွေးကောက်ပွဲ၊ ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲဖြစ်တယ်ဆိုတာကို ကျွန်တော်ကြေညာလိုပါတယ်။ ကျွန်တော် ထပ်မံပြောလိုတာက ဒီရွေးကောက်ပွဲကို စနစ်တကျဆောင်ရွက်ထားတာဖြစ်လို့ ရွေးကောက်ပွဲကို ဆန့်ကျင်တဲ့သူတွေ၊ ဒီမိုကရေစီလမ်းကြောင်းအပေါ်က သွေဖည်အောင် လုပ်နေတဲ့သူတွေကို မတွေ့ခဲ့ပါဘူး။ ရွေးကောက်ပွဲမကျင်းပမီ အစောပိုင်းကာလတွေမှာ အင်တာနက်ပေါ်မှာ ဒီရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီး သတင်းတွေ ပျံ့နှံ့အောင် လုပ်ဆောင်ခဲ့တဲ့သူတွေကို တွေ့ရပါတယ်။ မြန်မာနိုင်ငံ ရွေးကောက်ပွဲကို Information Technology တွေ အသုံးပြုပြီး တိုက်ခိုက်နေတယ်ဆိုတာကိုလည်း ကျွန်တော်တို့ ကောင်းကောင်းသိပါတယ်။

Mr. Igor Borisov

☆ စာမျက်နှာ ၅ မှ



Mr.Deng Xijun၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာ အထူးကိုယ်စားလှယ်

ကျွန်တော်တို့နိုင်ငံအနေနဲ့ အခုလိုမျိုး လာရောက်လေ့လာဖို့ ဖိတ်ခေါ်တဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုလို သုံးရက်အတွင်းမှာ လာရောက်ပြီး မြန်မာနိုင်ငံရဲ့ရွေးကောက်ပွဲကို ဘယ်လိုမျိုးပြင်ဆင်ဆောင်ရွက်လျက်ရှိတယ်ဆိုတာကို လေ့လာခွင့်ရတဲ့အတွက်လည်း အထူးပဲဝမ်းသာဂုဏ်ယူမိပါတယ်။ မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်ရဲ့ ဖိတ်ကြားမှုနဲ့ အခုလိုမျိုးစောင့်ကြည့်လေ့လာခွင့်ရတဲ့အတွက်လည်း အထူးပင်ဝမ်းသာဂုဏ်ယူမိပါတယ်။ အထူးသဖြင့်ကတော့ ရွေးကောက်ပွဲတွေ ဖော်ဆောင်တယ်ဆိုတာ ကျွန်တော်တို့သမ္မတကြီး ရှီကျင့်ဖျင်နဲ့ မြန်မာနိုင်ငံ ယာယီသမ္မတကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ကြားမှာထားရှိတဲ့ သဘောတူညီမှု၊ တရုတ်-မြန်မာကြား ပူးပေါင်းဆောင်ရွက်မှုတွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံဟာဆိုရင် ပူးပေါင်းဆောင်ရွက်မှုတွေ များစွာလုပ်နေတာဖြစ်ပြီးတော့ တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံကိုလည်း ထောက်ပံ့ကူညီမှုတွေများစွာ ပြုလုပ်လျက်ရှိပါတယ်။ မနေ့က ဆိုရင် နေပြည်တော်မှာရှိတဲ့ မဲရုံခြောက်ရုံကို သွားရောက်လေ့လာခဲ့ပါတယ်။ အဲလိုမျိုး သွားရောက်လေ့လာတဲ့အခါ ကျွန်တော့်အနေနဲ့ အကြမ်းဖျင်းအားဖြင့် အားလုံးကောင်းမွန် အဆင်ပြေနေတာကို တွေ့ရပါတယ်ခင်ဗျာ။ ကျွန်တော့်အနေနဲ့ တွေ့ရှိချက်တွေကို ပြောရမယ်ဆိုရင် ပထမဆုံးအနေနဲ့ မဲရုံပြင်ဆင်ထားရှိမှုတွေက စနစ်ကျတယ်။ တက်ကြွစွာပါဝင်နေတဲ့ မဲဆန္ဒရှင်တွေကိုလည်း တွေ့ရပါတယ်။ နောက်ဆုံးမဲရုံမှာ မဲရုံပိတ်ဖို့ တစ်နာရီခွဲလောက်ပဲလိုတော့တာတောင် မဲပေးဖို့စီတန်းစောင့်နေကြတာကို တွေ့ရတယ်။ ရွေးကောက်ပွဲမှာ တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းတွေကလည်း လုပ်ငန်းဆောင်ရွက်တာ မှန်ကန်တိကျကောင်းမွန်တာကို တွေ့ရပါတယ်။ မဲလာပေးတဲ့ ပြည်သူတွေရဲ့ ID ကတ်တွေနဲ့ သူတို့ရဲ့အချက်အလက်တွေကို တိုက်ဆိုင်စစ်ဆေးနေတာ တွေ့ရပါတယ်။ စိတ်ရှည်လက်ရှည်နဲ့ လုပ်ငန်းဆောင်ရွက်နေကြတာကို တွေ့ရပါတယ်။ အခုကျင်းပတဲ့ ရွေးကောက်ပွဲအပိုင်း (၁) အဆင်ပြေချောမွေ့ပြီး တည်ငြိမ်အေးချမ်းနေတာကို တွေ့ရပါတယ်။ အောင်မြင်တဲ့ရွေးကောက်ပွဲဖြစ်တဲ့အတွက် နောင်ကျင်းပမယ့် အပိုင်း (၂)နဲ့ အပိုင်း(၃)မှာလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်မယ်လို့ ယူဆပါတယ်။ မဲဆန္ဒရှင်တွေမှာ မျှော်မှန်းချက်တွေ ရှိတယ်ဆိုတာကိုလည်း တွေ့ခဲ့ရတယ်။ ရွေးကောက်ပွဲပြီးရင် သူတို့ဘဝတွေ ပိုကောင်းလာမယ်။ စီးပွားရေးတွေ ကောင်းလာမယ်။ အချို့နေရာတွေမှာ ပဋိပက္ခတွေ လျော့ကျသွားပြီး အေးချမ်းတည်ငြိမ်သွားမယ်။ ယခုရွေးကောက်ပွဲဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စဖြစ်ပြီး တရုတ်နိုင်ငံအနေနဲ့ အောင်မြင်တယ်လို့ ယူဆပါတယ်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ အတူယှဉ်တွဲနေထိုင်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံဟာ ကောင်းမွန်တဲ့၊ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးရှိသော နိုင်ငံတွေ ဖြစ်ကြပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာကို အမြဲတမ်းကူညီပေးဖို့ အသင့်ရှိနေပါတယ်။ နှစ်နိုင်ငံကြား ဖွံ့ဖြိုးတိုးတက်မှုတွေကို ရရှိအောင် ထူထောင်သွားဖို့အတွက် ဆန္ဒရှိပါတယ်။ ဒါကြောင့်မို့ ဒီရွေးကောက်ပွဲမှသည် မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေး စတဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ပူးပေါင်းဆောင်ရွက်သွားဖို့ ဆန္ဒရှိပါတယ်ခင်ဗျာ။




Mr . Alexei Bashan ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ

ယနေ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ ဘယ်လာရုစ်ကိုယ်စားလှယ်အဖွဲ့အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲများ မည်ကဲ့သို့ကျင်းပမည်နှင့် ၎င်းတို့ကို မည်သို့စီစဉ်ထားသည်ကို စောင့်ကြည့်ရန်အတွက် လေ့လာသူများအဖြစ် လာရောက်ခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဆုံးသတိပြုမိတာကတော့ ရွေးကောက်ပွဲကော်မရှင်ရဲ့လုပ်ဆောင်နိုင်စွမ်းက အလွန်တရာ စနစ်ကျနမှုရှိပြီး အရည်အသွေးပြည့်ဝမှုရှိတယ်ဆိုတာပါပဲ။ သတ်မှတ်ထားတဲ့ မဲရုံတွေမှာ နိုင်ငံသားများလွတ်လပ်စွာနှင့် လုံခြုံစွာမဲပေးနိုင်စေရန်အတွက် အစွမ်းကုန်လုပ်ဆောင်ထားပါတယ်။ ဒီလိုလုံခြုံရေးအာမခံချက်ရှိဖို့က မဲရုံတစ်ခုအတွက် လွန်စွာအရေးကြီးပါတယ်။ မဲဆန္ဒရှင်အများအပြားက သူတို့ကိုယ်ပိုင် ရွေးချယ်မှုပြုလုပ်ပြီး သူတို့ရဲ့အနာဂတ်ကိုဆုံးဖြတ်ဖို့ မဲပေးဖို့လာရောက်ကြတာကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ ဒါက အလွန်ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ လူငယ်တွေနဲ့ မိသားစုဝင်တွေပါမကျန် လာရောက်မဲပေးတဲ့အတွက် လျစ်လျူရှုသူမရှိဘဲ စိတ်ဝင်စား အလေးထားကြတယ်ဆိုတာ ထင်ရှားလို့ပါ။ ယနေ့မှာ နိုင်ငံသားများက လွှတ်တော်အမတ်တွေကို ရွေးကောက်တင်မြှောက်နိုင်စေဖို့ တတ်နိုင်သမျှ လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း ကျွန်ုပ်တို့သတိပြုမိပါတယ်။ ၎င်းအမတ်တွေနဲ့ နောက်ပိုင်းမှာ အစိုးရတစ်ရပ်ဖွဲ့စည်းပြီး နိုင်ငံတော်ကို ဆက်လက်တည်ဆောက်ကြမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ ပြည်သူများက ၎င်းတို့ရဲ့ ကံကြမ္မာကို ကိုယ်တိုင်ဆုံးဖြတ်လိုတဲ့အတွက် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြတာကို တွေ့ရှိရပါတယ်။ ဒါဟာ အထူးဂုဏ်ယူဝမ်းမြောက်စရာပါပဲ။ ဥပဒေချိုးဖောက်မှုများမရှိကြောင်း ကျွန်ုပ်တို့ သတိပြုမိပြီး အီလက်ထရွန်နစ်မဲပေးစက်တွေကို အသုံးပြု၍ မဲပေးခြင်းရဲ့ ဆန်းသစ်တီထွင်မှုကို မီးမောင်းထိုးပြလိုက်သလိုပါပဲ။ ဒါက လုပ်ငန်းစဉ်ကို မြန်ဆန်စေပြီး နှောင့်နှေးမှုတွေကို ဖယ်ရှားပေးတယ်ဆိုတာ ကျွန်တော်တို့ မြင်တွေ့ခဲ့ရပါတယ်။ မဲပေးဖို့ ရှည်လျားတဲ့လူတန်းတွေ မရှိပါဘူး။ အရာအားလုံးက ရိုးရှင်းပြီး မြန်ဆန်လွယ်ကူစေပါတယ်။ မဲရုံဝန်ထမ်းတွေ (မဲရုံတွေကို စီစဉ်သူတွေ) နဲ့ မဲဆန္ဒရှင်တွေ ကိုယ်တိုင်အတွက် ကနဦးလေ့ကျင့်မှုတွေ အပါအဝင် လိုအပ်တာတွေကို ကြိုတင်ပြင်ဆင်လုပ်ဆောင်ခဲ့တဲ့အတွက် ကျွန်တော်တို့အနေနဲ့ အထူးဝမ်းသာဂုဏ်ယူပါတယ်။ မဲဆန္ဒရှင် လူကြီးလူငယ်အရွယ်မရွေး အားလုံးက ယုံကြည်မှုရှိစွာနဲ့ မဲပေးဖို့ အချိန်မီလာရောက်ပါတယ်။ အလုံးစုံခြုံပြောရရင် မဲဆန္ဒရှင်ပြည်သူတွေမျက်နှာပေါ်မှာ အပြုံးတွေဝေဆာနေတာ တွေ့ရတဲ့အတွက် ဒါက ဘာကိုဆိုလိုတာလဲဆိုရင် သူတို့အနာဂတ်အတွက် သူတို့ယုံကြည်မှုရှိတယ် ဆိုတာပါပဲ။ ကျေးဇူးတင်ပါတယ်။

Mြန်မာနိုင်ငံ ပြည်သူများက ၎င်းတို့ရဲ့ကံကြမ္မာကို ကိုယ်တိုင်ဆုံးဖြတ်လိုတဲ့အတွက် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြတာကို တွေ့ရှိရပါတယ်။ ဒါဟာ အထူးဂုဏ်ယူဝမ်းမြောက်စရာပါပဲ။ ဥပဒေချိုးဖောက်မှုများမရှိကြောင်း ကျွန်ုပ်တို့ သတိပြုမိပြီး အီလက်ထရွန်နစ်မဲပေးစက်တွေကို အသုံးပြု၍ မဲပေးခြင်းရဲ့ ဆန်းသစ်တီထွင်မှုကို မီးမောင်းထိုးပြလိုက်သလိုပါပဲ။ ဒါကလုပ်ငန်းစဉ်ကို မြန်ဆန်စေပြီး နှောင့်နှေးမှုတွေကို ဖယ်ရှားပေးတယ်ဆိုတာ ကျွန်တော်တို့ မြင်တွေ့ခဲ့ရပါတယ်။

Mr . Alexei Bashan

Mr. Shpakouski Aliaksandr၊ ဘယ်လာရုစ်လွှတ်တော်အမတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လွှတ်တော်အဖွဲ့၏ အကြီးအကဲများသည် ဒီဇင်ဘာလ ၂၄ ရက်နေ့မှစ၍ မြန်မာနိုင်ငံသို့ရောက်ရှိနေခဲ့ပြီး ယနေ့တွင် မြို့တွင်းရှိ မဲရုံသုံးခုသို့ သွားရောက်ခဲ့ကြတယ်။ လက်ရှိအချိန်မှာ တည်ငြိမ်အေးချမ်းလျက်ရှိပြီး ပြည်သူတွေရဲ့ဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်ဖို့ အခြေအနေအားလုံးကို ဖန်တီးထားပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။ ရွေးကောက်ပွဲများသည် တရားဝင်နိုင်ငံရေး



Mr. Shpakouski Aliaksandr

လုပ်ငန်းစဉ်၏ တစ်ခုတည်းသော မှန်ကန်သည့် လမ်းစဉ်ဖြစ်ပြီး အာဏာတည်ဆောက်မှု၊ လွှတ်တော်ကျင်းပနိုင်မှုတွင် သန့်ရှင်းသောယှဉ်ပြိုင်မှုဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါတယ်။ တွေ့ဆုံဆွေးနွေးမှုနဲ့ အရပ်ဘက်သဘောတူညီချက်အတွက် တိကျသော ခြေလှမ်းတစ်ရပ်ကို လှမ်းနေတာ ထင်ရှားပါတယ်။ လူ့အဖွဲ့အစည်းမှာပါဝင်ဖို့ ငြင်းဆန်တဲ့ နိုင်ငံရေးအင်အားစုတွေဟာ ဥပဒေနယ်ပယ်ကနေ သူတို့ကိုယ်သူတို့ ဖယ်ထုတ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီတဲ့လမ်းကြောင်းကို လျှောက်လှမ်းနေကြတာပါ။ အဲဒီလို နိုင်ငံရေးအင်အားစုတွေဟာ နေရာတစ်နေရာကနေ အခြေခံအားဖြင့် ရွေးကောက်ပွဲလုပ်ရှားမှုများ မရှိအောင်ဖျက်ဆီးနေကြပါတယ်။ လွှတ်တော်ရွေးကောက်ပွဲ ရလဒ်များအပေါ် အခြေခံ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ဥပဒေပြုအာဏာပိုင်အဖွဲ့အစည်းတွေ ဖွဲ့စည်းနိုင်လိမ့်မယ်လို့ ကျွန်ုပ်တို့ ယုံကြည်ပါတယ်။ ဘယ်လာရုစ်နိုင်ငံအနေနဲ့ ကူညီပါဝင်အားဖြည့်ရန် အမြဲအသင့်ဖြစ်ပါတယ်။ လွန်ခဲ့သောလေးနှစ်တာကာလအတွင်း မြန်မာနိုင်ငံအစိုးရသည် ပြည်တွင်းနိုင်ငံရေးပြဿနာတွေကို ဖြေရှင်းရာမှာ အောင်မြင်မှုများရရှိခဲ့တယ်။ လက်ရှိအခြေအနေမှာ ခက်ခဲနေဆဲဖြစ်သော်လည်း ဘယ်လာရုစ်နိုင်ငံသည် ကျွန်ုပ်တို့၏ မြန်မာမိတ်ဆွေများအား လိုအပ်သော နိုင်ငံရေးပံ့ပိုးမှုများပေးအပ်ရန် အမြဲအသင့်ရှိနေပြီး ယခုလို ဘယ်လာရုစ်မှ လေ့လာသူများလည်း ရှိနေပါတယ်။ ဤသည်မှာ ကျွန်ုပ်တို့၏ခေါင်းဆောင်က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို ခိုင်မာစေရန် ရည်ရွယ်ချက်အား ထောက်ခံကြောင်း သက်သေခံချက်တစ်ခုဖြစ်တယ်။ စာမျက်နှာ ၇ သို့ ☆

ယခုရွေးကောက်ပွဲဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စဖြစ်ပြီး တရုတ်နိုင်ငံအနေနဲ့ အောင်မြင်တယ်လို့ ယူဆပါတယ်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ အတူယှဉ်တွဲနေထိုင်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံဟာ ကောင်းမွန်တဲ့၊ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးရှိသောနိုင်ငံတွေ ဖြစ်ကြပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာကို အမြဲတမ်းကူညီပေးဖို့ အသင့်ရှိနေပါတယ်။

Mr.Deng Xijun

လွှတ်တော်ရွေးကောက်ပွဲရလဒ်များအပေါ် အခြေခံ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ဥပဒေပြုအာဏာပိုင်အဖွဲ့အစည်းတွေ ဖွဲ့စည်းနိုင်လိမ့်မယ်လို့ ကျွန်ုပ်တို့ ယုံကြည်ပါတယ်။ ဘယ်လာရုစ်နိုင်ငံအနေနဲ့ ကူညီပါဝင်အားဖြည့်ရန် အမြဲအသင့်ဖြစ်ပါတယ်။ လွန်ခဲ့သောလေးနှစ်တာကာလအတွင်း မြန်မာနိုင်ငံအစိုးရသည် ပြည်တွင်းနိုင်ငံရေး ပြဿနာတွေကို ဖြေရှင်းရာမှာ အောင်မြင်မှုများရရှိခဲ့တယ်။

Mr. Shpakouski Aliaksandr

☆ စာမျက်နှာ ၆ မှ



Mr. Yerman Mukhtar (ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ)

ကျွန်တော့်အနေနဲ့ တက်ရောက်လာတဲ့ ဧည့်ပရိသတ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ပထမဆုံး ပြောကြားလိုတာကတော့ ဒီမှာတက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံးဟာ မြန်မာနိုင်ငံနဲ့ ကာဇက်စတန်နိုင်ငံ နှစ်နိုင်ငံအကြားမှာ ရင်းနှီးတဲ့ဆက်ဆံရေးဖြစ်တဲ့ သံတမန်ဆက်ဆံရေးတည်ဆောက်ဖို့အတွက် အဓိကကျတဲ့ အခန်းကဏ္ဍကနေ ပါဝင်မှာဖြစ်တဲ့ အကြောင်း ပထမဦးစွာ ပြောကြားလိုပါတယ်။ ကျွန်တော်ကတော့ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့ ဒီကိုလာရတဲ့ အဓိကရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာကျင်းပတဲ့ရွေးကောက်ပွဲမှာလာရောက်ကြည့်ရှုလေ့လာဖို့နဲ့ ကျွန်တော်တို့ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ရှေ့ဆက်ပြီး ပူးပေါင်းလုပ်ဆောင်ဖို့နဲ့ နှစ်နိုင်ငံကြား ကိစ္စရပ်တွေကို ဆွေးနွေးဖို့အတွက် လာရောက်ရခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်ကို ကျွန်တော်တို့ လာရောက်လေ့လာတဲ့အခါမှာ လှိုက်လှဲစွာကြိုဆိုတဲ့အတွက်ရော လေ့လာဖို့အတွက် အကောင်းဆုံးအခြေအနေတစ်ခု ဖန်တီးပေးတာကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ရောက်လာတဲ့အချိန်ကနေစပြီးတော့ ရန်ကုန်မြို့မှာရော နေပြည်တော်မှာရော မြန်မာနိုင်ငံမှာ ပြုလုပ်တဲ့ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ သက်ဆိုင်ရာ သတင်းအချက်အလက်ပေါင်းများစွာကို ရရှိခဲ့ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌကြီးပြောကြားခဲ့တဲ့ မိန့်ခွန်းဟာဆိုရင် မြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင်ရဲ့ လုပ်ဆောင်နေတဲ့ Process တွေအားလုံးနဲ့ ရွေးကောက်ပွဲမှာ အသုံးပြုမယ့် နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်တွေကို ကျွန်တော်တို့ ကောင်းစွာသိရှိခဲ့ရပါတယ်ခင်ဗျာ။ မြန်မာနိုင်ငံ ရွေးကောက်ပွဲမှာဆိုရင် တကယ့်ကို အသုံးဝင်ပြီးတော့ တကယ့်ကိုပြိုင်ဆိုင်မှုရှိတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေကို တွေ့ရှိခဲ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ယခုတွေ့ရှိခဲ့တဲ့ ကောင်းမွန်တဲ့အချက်အလက်တွေကို ပြန်လည်အသုံးချသွားဖို့အတွက်လည်း စဉ်းစားထားပါတယ်။ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ ကျွန်တော့်အမြင်လေးတွေကို တင်ပြလိုပါတယ်။ တစ်ရက်တည်းမှာ အခုလိုရွေးကောက်ပွဲတစ်ခုကိုလုပ်ဆောင်ရတာဟာ တကယ့်ကိုကြီးမားတဲ့ အလုပ်တစ်ခုလည်း ဖြစ်ပါတယ်။ အခုလိုလုပ်ဆောင်တဲ့နေရာမှာ ရွေးကောက်ပွဲကော်မရှင်ရဲ့ ခက်ခဲတဲ့ရှုထောင့်တစ်ခုကို ကျွန်တော်တို့ တွေ့ရပါတယ်။ တစ်ရက်တည်းနဲ့ လူတွေအများကြီးစုပြီး လုပ်ဆောင်ရတာ အများကြီးခက်ခဲပါတယ်။ ရွေးကောက်ပွဲလုပ်ဆောင်တဲ့နေရာမှာ ရွေးကောက်ပွဲကော်မရှင်သာမက သက်ဆိုင်ရာပါတီအသီးသီးက ကိုယ်စားလှယ်တွေအနေနဲ့ လာရောက်ကြည့်ရှုပြီးတော့ အားလုံးပူးပေါင်းလုပ်ဆောင်တာ တွေ့ရပါတယ်။ နောက်တစ်ခု ကျွန်တော်တွေ့ရှိတာကတော့ မဲဆန္ဒရှင်စာရင်းတွေ သေသေချာချာ လုပ်ဆောင်ထားတာကို တွေ့ရှိရပါတယ်။ သက်ဆိုင်ရာမဲရုံတွေမှာ မဲလာပေးမယ့် မဲဆန္ဒရှင်အားလုံး သူတို့ရဲ့စာရင်းတွေကိုအလွယ်တကူ ရှာဖွေတွေ့ရှိအောင် လုပ်ဆောင်ထားတာကို တွေ့ရပါတယ်။ ဒါ့အပြင် မဲဆန္ဒရှင်တွေအနေနဲ့ မဲစာရင်းကပ်ထားတဲ့ဘုတ်တွေမှာ မိမိတို့စာရင်းတွေကို ကြည့်ရုံသာမက မဲပေးတဲ့နေရာရောက်ရင်လည်း သူတို့စာရင်းကို စာအုပ်မှာကြည့်ပြီးတော့ လက်မှတ်ထိုးပြီးတော့ ဆန္ဒပြုခန်းမှာသွားပြီး လျှို့ဝှက်မဲပေးကြတာ တွေ့ရပါတယ်။ မဲရုံတွေမှာ မဲပေးစက်ကို အကောင်းဆုံး သေသေချာချာ ထိရောက်မှုအပြည့်နဲ့ သုံးစွဲသွားတာကို တွေ့ရပါတယ်။ ဆန္ဒမဲပေးတဲ့လူတွေက တက်တက်ကြွကြွ ပါဝင်ပြီး မဲပေးကြတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် ပြည်တွင်း/ပြည်ပမှ သတင်းရယူကြတဲ့ သတင်းထောက်တွေ ရွေးကောက်ပွဲကျင်းပနေတာကို နိုင်ငံပိုင်မီဒီယာများက သတင်းရယူထုတ်လွှင့်နေတာကိုလည်း တွေ့ရှိရပါတယ်။ အရေးကြီးတဲ့အချက်တစ်ခုကတော့ မဲပေးကြတဲ့သူတွေထဲမှာ လူငယ်များစွာပါဝင်တာကို တွေ့ရပါတယ်ခင်ဗျာ။ ဒါကတော့ ဘာကိုပြသသလဲဆိုရင် ရွေးကောက်ပွဲ အပိုင်း(၁)မှာ လူငယ်များစွာပါဝင်နေတဲ့အတွက် မြန်မာနိုင်ငံရဲ့ လူငယ်တွေဟာ ဖြစ်ပေါ်လာမယ့် အနာဂတ်အတွက် မျှော်လင့်ချက်ကြီးကြီးထားတယ်ဆိုတာမျိုး သုံးသပ်လို့ရပါတယ်။ နောက်ထပ် ပြောလိုတာကတော့ ကျွန်တော်တို့ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ဆတက်ထမ်းပိုးတိုးပွားစေဖို့ ကျွန်တော်တို့အနေနဲ့ အသင့်ရှိကြောင်း ပြောကြားလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ ပြောလိုတာကတော့မြန်မာနိုင်ငံရွေးကောက်ပွဲ အောင်အောင်မြင်မြင်နဲ့ ပြီးမြောက်ပါစေလို့ ဆုတောင်းပေးပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



H.E. Mr. YICH Samethy (ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်)

ကျွန်တော့်အနေနဲ့ ကမ္ဘောဒီးယားနိုင်ငံရဲ့ ရွေးကောက်ပွဲကော်မရှင်ကိုယ်စားလာရောက်လေ့လာခွင့်ရတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်က မနေ့က နေပြည်တော်မှာရှိတဲ့ မဲရုံတွေကိုသွားရောက်လေ့လာတဲ့အခါမှာ အောက်ဖော်ပြပါ လေ့လာတွေ့ရှိချက်များကို ကျွန်တော်မျှဝေပေးလိုပါတယ်ခင်ဗျာ။ ပထမဆုံးအနေနဲ့ မဲရုံများကိုပြင်ဆင်ထားရှိမှုနဲ့ ကျင်းပဆောင်ရွက်မှုတွေဟာဆိုရင် အလွန်ကိုပြီးပြည့်စုံပြီးတော့ အေးချမ်းတာကိုတွေ့ရပါတယ်။ မဲဆန္ဒရှင်များအနေနဲ့လည်း ကောင်းမွန်စွာနဲ့ ရွေးကောက်ပွဲကို ၎င်းတို့ရဲ့ ဒီမိုကရေစီအခွင့်အရေးများကို အသုံးချပြီး ပြင်ပမှ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း၊ ခြိမ်းခြောက်ခြင်း တစ်စုံတစ်ရာမခံရဘဲ မဲပေးနိုင်ခဲ့တာကို တွေ့နိုင်ခဲ့ပါတယ်။ နောက်တစ်ခုကတော့ မဲရုံမှာတာဝန်ကျတဲ့ အရာရှိများ အားလုံးကလည်း ပြဋ္ဌာန်းတဲ့ ဥပဒေ၊ နည်းဥပဒေများနဲ့အညီမဲပေးခြင်း၊ မဲရေတွက်ခြင်းနဲ့ မဲပေးခြင်းလုပ်ငန်းစဉ်ကို ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်နေတာ တွေ့ခဲ့ရပါတယ်။ နောက်တစ်ခုကတော့ ပွင့်လင်းမြင်သာမှု ဖြစ်ပါတယ်။ မဲပေးတဲ့လုပ်ငန်းစဉ်တစ်လျှောက်လုံး ပွင့်လင်းမြင်သာစွာဆောင်ရွက်နိုင်ပြီးတော့ သေချာစွာမဲရုံကို ပိတ်သိမ်းခြင်း၊ မဲပေးခြင်းနဲ့ မဲရေတွက်ခြင်းကိုလည်း သက်ဆိုင်ရာပတ်သက်သူများ၊ State Holder များ အားလုံးက ပါဝင်ပတ်သက်ပြီးတော့ နိုင်ငံရေးပါတီများအပြင် နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများ၊ မီဒီယာများကပါ အတူတူပူးပေါင်းတာမျိုးကို ကျွန်တော်တို့ လေ့လာတွေ့ရှိခဲ့ပါတယ်။ စတုတ္ထအချက်အနေနဲ့ မြန်မာအီလက်ထရောနစ် မဲပေးစက်များကို အသုံးပြုပြီး မဲပေးသူမဲဆန္ဒရှင်များအနေနဲ့ မဲပေးနိုင်ခဲ့တဲ့အတွက် မဲပေးခြင်းနဲ့ မဲရေတွက်ခြင်းများကို ယခင်ကထက် ပိုမိုမြန်ဆန်ပြီး ပိုမိုတိကျမှန်ကန်တာကိုလည်း ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ ဒါ့အပြင် မဲလာပေးကြတဲ့ မဲဆန္ဒရှင်ပြည်သူများက မဲပေးစက်နဲ့ ပတ်သက်ပြီး ကောင်းမွန်စွာ သိရှိနားလည်ထားတာကိုလည်း ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်ခင်ဗျာ။ ပဉ္စမအချက်အနေနဲ့ကတော့ မဲရုံမှာကောင်းမွန်စွာနဲ့ လုံခြုံစိတ်ချစွာမဲပေးနိုင်ရုံမျှသာမကဘဲ မဲရုံဝန်ထမ်းတွေအတွက် ကောင်းမွန်မှန်ကန်တဲ့ လုံခြုံရေးစီစဉ်ဆောင်ရွက်ထားရှိတာကို ကျွန်တော်တို့တွေ့ရှိခဲ့ရပါတယ်။ ဆဋ္ဌမ အချက်အနေနဲ့ မမှန်မကန်ပြုလုပ်ခြင်းများကို ကျွန်တော်တို့ တစ်စုံတစ်ရာမှ မတွေ့ရှိခဲ့ရပါဘူး။ အဲဒီလိုမျိုးမတွေ့ခဲ့ရတဲ့အပြင် ရွေးကောက်ပွဲကို ကောင်းမွန်ချောမွေ့စွာနဲ့ ဆောင်ရွက်ထားနိုင်ခဲ့တယ်ဆိုတာကိုတွေ့ရှိခဲ့ရပြီး မမှန်မကန်ဆောင်ရွက်ခြင်း တစ်စုံတစ်ရာမှ မတွေ့ခဲ့ရပါဘူး။ နောက်တစ်ခုက မဲရုံတွေဟာဆိုရင် မဲဆန္ဒရှင် အားလုံးအတွက် သွားရောက်ဖို့လွယ်ကူပြီး မဲပေးဖို့အတွက်လည်း လွယ်ကူအဆင်ပြေချောမွေ့စွာ ဆောင်ရွက်ထားတာတွေ့ရတဲ့အတွက်ကြောင့် အခုကျင်းပတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်ဟာ ပြီးပြည့်စုံပြီးတော့ အားလုံးတာဝန်ခံမှုရှိတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်ခင်ဗျာ။ နိဂုံးချုပ်အနေနဲ့ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို မြန်မာနိုင်ငံအစိုးရရဲ့ ဖိတ်ကြားချက်အရ ကျွန်တော်တို့အနေနဲ့ လာရောက်လေ့လာခဲ့တဲ့အခါမှာ မဲရုံပေါင်းများစွာကို လေ့လာခဲ့ကြပါတယ်။ ကျွန်တော်တို့ လေ့လာခဲ့တဲ့ မဲရုံများဟာဆိုရင် ဥပဒေ၊ နည်းဥပဒေနဲ့အညီ အေးချမ်းစွာနဲ့ ကောင်းမွန်စွာ ကျင်းပခဲ့တာကို တွေ့ရှိခဲ့ပြီး **လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာတဲ့ပုံရိပ်နဲ့ ဖော်ဆောင်ခဲ့တာ** တွေ့ရှိခဲ့ရပါတယ်။ ဒါ့အပြင် မမှန်မကန်ဆောင်ရွက်မှု တစ်စုံတစ်ရာ လုံးဝမတွေ့ရှိရတဲ့အတွက်ကြောင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကြီးတစ်ခုလုံး ကောင်းမွန်မှန်ကန်ခိုင်မာမှုရှိပြီး အများယုံကြည်လက်ခံမှုကိုလည်း ဖော်ဆောင်နိုင်ခဲ့တာကိုလည်း ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် နောင်လာမယ့် ရွေးကောက်ပွဲအဆင့်တွေမှာလည်း ယခုအဆင့်မှာလိုပဲ ကောင်းမွန်စွာနဲ့ ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်မိပါတယ်။ အခုလိုဖိတ်ကြားတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ၂၀၂၆ ခုနှစ်ကို ရောက်ရှိတော့မှာဖြစ်တဲ့အတွက် အဆွေတော်နဲ့ ဧည့်သည်တော်များအားလုံး ကောင်းမွန်သောနှစ်သစ်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ ကျွန်တော့်အမြင်လေးတွေကို တင်ပြလိုပါတယ်။ တစ်ရက်တည်းမှာ အခုလိုရွေးကောက်ပွဲတစ်ခုကို လုပ်ဆောင်ရတာဟာ တကယ့်ကို ကြီးမားတဲ့ အလုပ်တစ်ခုလည်း ဖြစ်ပါတယ်။ အခုလိုလုပ်ဆောင်တဲ့နေရာမှာ ရွေးကောက်ပွဲကော်မရှင်ရဲ့ ခက်ခဲတဲ့ရှုထောင့်တစ်ခုကို ကျွန်တော်တို့ တွေ့ရပါတယ်။ တစ်ရက်တည်းနဲ့ လူတွေအများကြီးစုပြီး လုပ်ဆောင်ရတာ အများကြီးခက်ခဲပါတယ်။ ရွေးကောက်ပွဲလုပ်ဆောင်တဲ့နေရာမှာ ရွေးကောက်ပွဲကော်မရှင်သာမက သက်ဆိုင်ရာပါတီအသီးသီးက ကိုယ်စားလှယ်တွေအနေနဲ့ လာရောက်ကြည့်ရှုပြီးတော့ အားလုံးပူးပေါင်းလုပ်ဆောင်တာ တွေ့ရပါတယ်။ နောက်တစ်ခု ကျွန်တော်တွေ့ရှိတာကတော့ မဲဆန္ဒရှင်စာရင်းတွေ သေသေချာချာ လုပ်ဆောင်ထားတာကို တွေ့ရှိရပါတယ်။ သက်ဆိုင်ရာမဲရုံတွေမှာ မဲလာပေးမယ့် မဲဆန္ဒရှင်အားလုံး သူတို့ရဲ့စာရင်းတွေကို အလွယ်တကူရှာဖွေတွေ့ရှိအောင် လုပ်ဆောင်ထားတာကို တွေ့ရပါတယ်။

Mr. Yerman Mukhtar

၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို မြန်မာနိုင်ငံအစိုးရရဲ့ ဖိတ်ကြားချက်အရ ကျွန်တော်တို့အနေနဲ့ လာရောက်လေ့လာခဲ့တဲ့အခါမှာ မဲရုံပေါင်းများစွာကို လေ့လာခဲ့ကြပါတယ်။ ကျွန်တော်တို့လေ့လာခဲ့တဲ့ မဲရုံများဟာဆိုရင် ဥပဒေ၊ နည်းဥပဒေနဲ့အညီ အေးချမ်းစွာနဲ့ ကောင်းမွန်စွာ ကျင်းပခဲ့တာကို တွေ့ရှိခဲ့ပြီး လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာတဲ့ပုံရိပ်နဲ့ ဖော်ဆောင်ခဲ့တာ တွေ့ရှိခဲ့ရပါတယ်။ ဒါ့အပြင် မမှန်မကန်ဆောင်ရွက်မှု တစ်စုံတစ်ရာ လုံးဝမတွေ့ရှိရတဲ့အတွက်ကြောင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကြီးတစ်ခုလုံး ကောင်းမွန်မှန်ကန်ခိုင်မာမှုရှိပြီး အများယုံကြည်လက်ခံမှုကိုလည်း ဖော်ဆောင်နိုင်ခဲ့တာကိုလည်း ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် နောင်လာမယ့် ရွေးကောက်ပွဲအဆင့်တွေမှာလည်း ယခုအဆင့်မှာလိုပဲ ကောင်းမွန်စွာနဲ့ ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်မိပါတယ်။

H.E. Mr. YICH Samethy

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အစည်းအဝေး ကျင်းပ

## အကြမ်းဖက်သောင်းကျန်းသူများသည် အေးချမ်းစွာနေထိုင်လိုသူများကိုလည်း ရန်သူအဖြစ်သတ်မှတ်ပြီး လုပ်ကြံစွပ်စွဲသတ်ဖြတ်ခဲ့ကြ



နေပြည်တော် ဒီဇင်ဘာ ၂၉

အကြမ်းဖက်မှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့အစည်းအဝေး(၂၀၂၅)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့များမှ ရဲတပ်ဖွဲ့မှူးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်မှုသည် နိုင်ငံရေး၊ လူမှုရေးနှင့် နည်းပညာဆိုင်ရာ ပြောင်းလဲမှုများနှင့်အတူ ပုံသဏ္ဍာန်အမျိုးမျိုး ပြောင်းလဲလာနေကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုအညွှန်းကိန်း (Global Terrorism Index-GTI) အစီရင်ခံစာအရ အကြမ်းဖက်မှု ပုံသဏ္ဍာန်သည် သမားရိုးကျ နည်းလမ်းများမှ နည်းပညာမြင့်မားသည့် Hybrid ပုံစံသို့ ကူးပြောင်းလာနေကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ Non-State Actor များသည် Drone များကို ပိုမိုအသုံးပြုလာကြောင်း၊ မိမိနိုင်ငံတွင်လည်း အကြမ်းဖက်အဖွဲ့အစည်းများသည် Drone နည်းပညာဖြင့် အရပ်သားပစ်မှတ်များကို တိုက်ခိုက်ခြင်း၊ အခြေခံအဆောက်အအုံများကို ဖျက်ဆီးခြင်းတို့လုပ်ဆောင်နေသည့်အပြင် ဆိုက်ဘာနယ်ပယ်ကို အသုံးပြု၍ ဝါဒဖြန့်ခြင်း၊ ရန်ပုံငွေရှာခြင်းတို့ကိုလည်း ပိုမိုလုပ်ဆောင်လာကြကြောင်း။

**❖ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်အထိ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နိုင်ငံတစ်ဝန်း အဆောက်အအုံနှင့် ပစ္စည်းများ စုစုပေါင်း ၇၅၉၈ ခု ပျက်စီးဆုံးရှုံးခဲ့ပြီး အပြစ်မဲ့အရပ်သားများ၊ သံဃာတော်များ၊ ကလေးသူငယ်များ၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ အစိုးရဝန်ထမ်းများ စုစုပေါင်း ၉၉၀၈ ဦး သေဆုံးခဲ့ကြောင်းနှင့် ၁၃၀၁၁ ဦး ဒဏ်ရာရရှိခဲ့**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကို ရည်ရွယ်ချက်ငါးရပ်ဖြင့် ရေးဆွဲ၍ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ အဆိုပါဥပဒေနှင့်အညီ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး တာဝန်နှင့်လုပ်ပိုင်ခွင့် ၁၉ ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်းနှင့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းကော်မတီသုံးရပ်နှင့် လုပ်ငန်းအဖွဲ့ ငါးဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

အကြမ်းဖက် သောင်းကျန်းသူများသည် ၎င်းတို့ကို ဆန့်ကျင်ရှုတ်ချသူများကို သာမက မထောက်ခံသူများ၊ အေးချမ်းစွာနေထိုင်လိုသူများကိုလည်း ရန်သူအဖြစ်သတ်မှတ်ပြီး လုပ်ကြံစွပ်စွဲသတ်ဖြတ်ခဲ့ကြပါကြောင်း၊ သို့ဖြစ်၍ ရဟန်းသံဃာများ၊ သီလရှင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ပညာရေး၊ ကျန်းမာရေး၊ အထွေထွေအုပ်ချုပ်ရေး စသည်တို့အပါအဝင် ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် သာမန်ပြည်သူများ ထောင်နှင့်ချီပြီး အသက်ဆုံးရှုံးခဲ့ရပါကြောင်း၊ ပြုစုထားသော စာရင်းများအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်အထိ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နိုင်ငံတစ်ဝန်း အဆောက်အအုံနှင့်ပစ္စည်းများ စုစုပေါင်း ၇၅၉၈ ခု ပျက်စီးဆုံးရှုံးခဲ့ပြီး အပြစ်မဲ့အရပ်သားများ၊ သံဃာတော်များ၊ ကလေးသူငယ်များ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရဝန်ထမ်းများ စုစုပေါင်း ၉၉၀၈ ဦး သေဆုံးခဲ့ကြောင်းနှင့် ၁၃၀၁၁ ဦး ဒဏ်ရာရရှိခဲ့ပါကြောင်း။

ကမ္ဘာတစ်ဝန်းရှိ အကြမ်းဖက်အဖွဲ့များသည် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ လူကုန်ကူးခြင်းတို့အပါအဝင် တရားမဝင်လမ်းကြောင်းများမှ ရန်ပုံငွေရှာဖွေကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် Financial Action Task Force (FATF) ၏စောင့်ကြည့်မှုအောက်မှ လွတ်မြောက်နိုင်ရေးအတွက် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုကို တားဆီးတိုက်ဖျက်ရန်လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းဥပဒေများ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် (၁၃၇၃)နှင့် (၂၄၆၂) အပါအဝင် နိုင်ငံတကာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

အကြမ်းဖက်AA အဖွဲ့၏ မူးယစ်ဆေးဝါး ကုန်သွယ်မှုလုပ်ငန်းသည် ကြီးထွားကျယ်ပြန့်နေပြီး မူးယစ်ဆေးထုတ်လုပ်ရန် ဓာတုဆေးဝါး မှောင်ခိုတင်သွင်းခြင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်း၊ သယ်ဆောင် သိုလှောင်ခြင်း၊ ပြည်တွင်း၌ဖြန့်ဖြူးခြင်း၊ ပြည်ပ တင်ပို့ရန် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကို နိုင်ငံတကာမူးယစ်ရာဇာများနှင့် ချိတ်ဆက်လုပ်ဆောင်လျက်ရှိပါကြောင်း၊ AA အဖွဲ့ဝင်များ ပါဝင်ပတ်သက်နေသော မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုများ အနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်အထိ ၂၄ ကြိမ်ရှိခဲ့ပါကြောင်းနှင့် AA ခေါင်းဆောင်ပိုင်းများကိုယ်တိုင် ပါဝင်ပတ်သက်ခဲ့သောအမှုကိုးမှု ပါဝင်ပါကြောင်း၊ ထွက်ဆိုချက်များအရ အဖမ်းခံရသူများသည် မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းချခြင်းကို ပုဂ္ဂလိက စီးပွားရေးအဖြစ် လုပ်ဆောင်နေခြင်း မဟုတ်ဘဲ AA အဖွဲ့အတွက် တာဝန်ပေးအပ်ခံရသဖြင့် လုပ်ဆောင်နေခြင်း ဖြစ်သည်ဟု သိရှိရပါကြောင်း၊ မူးယစ်ဆေးဝါးမှရရှိသော အကျိုးအမြတ်များအနက် ၇၀ ရာခိုင်နှုန်းခန့်ကို လက်နက်ခဲယမ်းဝယ်ယူဖြည့်တင်းရာတွင် အသုံးပြုပါကြောင်း၊ ၎င်းတို့သည် နိုင်ငံတကာ လက်နက်မှောင်ခိုဂိုဏ်းများနှင့် ချိတ်ဆက်ပြီး လက်နက်ခဲယမ်းနှင့် စိတ်ကြွဆေးပြားလဲလှယ်ခြင်း အပါအဝင် ငွေကြေးခဝါချခြင်း၊ လူကုန်ကူးခြင်း စသည့် နိုင်ငံဖြတ်ကျော်မှုခင်းများကိုလည်း ကျူးလွန်နေသည်ကို တွေ့ရှိရပါကြောင်း။

အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှု၊ မူးယစ်ဆေးဝါးမှု၊ ငွေကြေးခဝါချမှုနှင့် လူကုန်ကူးမှုတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ချိတ်ဆက်နေပါကြောင်း၊ ၂၀၂၅ ခုနှစ်၏ နိုင်ငံတကာနှင့် ဒေသတွင်း ဖြစ်စဉ်များအရ အကြမ်းဖက် အဖွဲ့များသည် ၎င်းတို့၏ စစ်ဆင်ရေးစရိတ်နှင့် လက်နက်ဝယ်ယူရန် ငွေကြေးကို မူးယစ်ဆေးဝါး ရောင်းဝယ်မှုမှ အဓိကရရှိကြခြင်း ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုမှ ရရှိသောငွေများကို Cryptocurrency အပါအဝင် နည်းလမ်းမျိုးစုံဖြင့် ခြေရာဖျောက် ခဝါချပြီးနောက် အဆိုပါငွေများအား အကြမ်းဖက်လုပ်ငန်းများတွင် ပြန်လည်အသုံးပြုခြင်းဖြစ်ပါကြောင်း၊ အဆိုပါမှုခင်းများသည် နယ်စပ်ဖြတ်ကျော် ချိတ်ဆက်နေခြင်းဖြစ်သဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အကြမ်းဖက်မှုအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေး လုပ်ငန်းစဉ်များ၏ အဓိကသော့ချက်သည် သတင်းအချက်အလက် မျှဝေခြင်းနှင့် ဥပဒေကြောင်းအရ အပြန်အလှန်အကူအညီပေးခြင်းတို့ ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေကို ပြဋ္ဌာန်းထားရှိပြီး ဥပဒေနှင့်အညီ ဗဟိုအဖွဲ့ကိုလည်း ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဖွဲ့စည်းထားပြီးဖြစ်သော ဗဟိုအဖွဲ့များ အနေဖြင့် အပြန်အလှန်ချိတ်ဆက် ပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

အကြမ်းဖက်မှု တိုက်ဖျက်ရေးတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးသည် မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်သည့် အချက်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံချင်းစီ၏ သီးခြားဆောင်ရွက်ချက်များသည် နယ်စပ်ဒေသ၌ ရပ်တန့်သွားနိုင်သော်လည်း နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုသည် အကြမ်းဖက်သမားများအတွက် မည်သည့်နေရာမှ ခိုလှုံရာ မရှိစေရန် ဖန်တီးပေးနိုင်ပါကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများတွင် သတင်းအချက်အလက်များ မျှဝေခြင်း၊ တရားဥပဒေစိုးမိုးရေး လုပ်ဆောင်ချက်များကို ညှိနှိုင်းဆောင်ရွက်ခြင်း၊ အကြမ်းဖက်မှု၏ မူလဇာစ်မြစ်ကို ဖြေရှင်းရန် အတူတကွ လုပ်ဆောင်ခြင်းတို့ ပါဝင်နေပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်း ပြည်ပ အကြမ်းဖက်သမားများ၊ အကြမ်းဖက်အုပ်စုများနှင့် စပ်လျဉ်းပြီး INTERPOL၊ ASEANAPOL တို့နှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကုလသမဂ္ဂပဋိညာဉ်၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ ကုလသမဂ္ဂ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဆိုင်ရာမဟာဗျူဟာ၊ အာဆီယံ အကြမ်းဖက်မှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း၊ ဘင်းမ်စတက် ကွန်ဗင်းရှင်း စသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာ မူဘောင်များအပေါ် အခြေခံ၍ "အကြမ်းဖက်မှု၊ အစွန်းရောက် အကြမ်းဖက်ဝါဒနှင့် အစွန်းရောက် မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသား အဆင့်မူဝါဒရေးရာ လမ်းညွှန်ချက် (မူကြမ်း)"ကို ရေးဆွဲပြီးစီးခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါ မူဝါဒ ရေးရာလမ်းညွှန်ချက်ကို အခြေခံ၍ အမျိုးသားအဆင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး မဟာဗျူဟာကို ရေးဆွဲသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အတွက် အဖွဲ့ဝင်များက သဘောထားမှတ်ချက်နှင့် အကြံပြုချက်များကို ဆွေးနွေး ပေးပို့ကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းပိုင်း ဆိုင်ရာ ဆောင်ရွက်ချက်များ၊ လက်ရှိ ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်မှုများ၊ မှတ်တမ်းတင် ပေးရန်ကိစ္စရပ်များ၊ အတည်ပြု ပေးရန်ကိစ္စရပ်များ၊ အမျိုးသား အဆင့် အကြမ်းဖက်မှုတိုက်ဖျက် ရေးမဟာဗျူဟာဆိုင်ရာ ကိစ္စရပ် များနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်နှင့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ နှင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများက ကဏ္ဍအလိုက် တင်ပြဆွေးနွေးခဲ့ ကြပြီး ဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ် သည်များနှင့် ဆက်လက်ဆောင် ရွက်ရမည့် လုပ်ငန်းစဉ်များကို နိဂုံးချုပ်မှာကြား၍ အစည်းအဝေး ကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲများ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၉

နိုင်ငံသားတိုင်း သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



ယခုအခါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၇)သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်း အသီးသီး၌ ကျင်းပပြုလုပ်ကြသည်။ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်း စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၇)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။



အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၇)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာ ဘာသာရပ်စသည့် ဘာသာရပ်များနှင့် အထွေထွေ ဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ ခိုင်မြဲရေးအတွက် ကာကွယ် စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ ၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ် စောင့်ရှောက် ပေးလျက်ရှိပြီး နိုင်ငံသားများ အနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ (TeamWork)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (Nationalism)၊ မျိုးချစ်စိတ် (Patriotism)၊ အဖွဲ့အစည်းစိတ် (Team Sprit)၊ ရဲဘော်ရဲဘက်စိတ် (Esprit de corps) အပြည့်ဖြင့် တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည် ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၇)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန် ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကိုလည်း ယခုလို ကြားသိရပါသည်-

"လာရောက် တက်ဖြစ်တာကတော့ မိဘတွေလည်း သဘောတူညီမှုရှိပါတယ်။ ကျွန်တော့်စိတ်ဆန္ဒတစ်ခုကြောင့်လည်း တက်ရောက် ဖြစ်ခဲ့တာဖြစ်ပါတယ်။ အခုလို သင်တန်းကြီးပြီးဆုံးသွားပြီဆိုတော့ ပီတိလည်းဖြစ်ပါတယ်။ အလွန်လည်း ကျေနပ်အားရပါတယ်။ တပ်မတော်သားကောင်း တစ်ယောက်ဖြစ်အောင် နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်မယ့် တပ်မတော်သားတစ်ယောက်ဖြစ်အောင် ကြိုးစားသွားမှာဖြစ်ပါတယ်။"

"သင်တန်းဆင်းရတာပျော်တော့ ပျော်ပါတယ်။ ဒါပေမယ့် ခွဲခွာရတဲ့အချိန်ကျ တစ်ယောက်နဲ့တစ်ယောက် ဝမ်းနည်းမိတယ်။ ဘယ်လိုသင်ခန်းစာတွေ ရလဲဆိုတော့ ကြုံတွေ့ရတဲ့အချိန်မှာတော့ ကျွန်တော် သဘောကျပါတယ်။ Uniform ဝတ်တာကအစ သဘောကျပါတယ်။ ကျွန်တော်လည်း တပ်မတော် သားကောင်း တစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံမယ်လို့ ဆုံးဖြတ်ချက်ချထားပါတယ်။ တပ်မတော်သားဆိုတာတော့ ကျရာနေရာမှာ တာဝန်ကျေပွန်အောင်ထမ်းဆောင်ရမယ်။ ဒီနေရာ မသွားနဲ့ဆို မသွားရဘူး။ ဒီနေရာ သွားဆိုသွားမယ်။ ဒါလုပ်ဆို လုပ်လိုက်မယ်၊ ဒါမလုပ်နဲ့ဆို မလုပ်ဘူး။ တပ်မတော် သားကောင်း တစ်ယောက် ပီသစွာနေထိုင်မယ်လို့ ကျွန်တော်ခံယူထားပါတယ်။"

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၇)မှ နိုင်ငံ့သားကောင်း စစ်သည်များအား သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်







# တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ၏ စတုတ္ထနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆ ခုနှစ်)ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် "တရားမျှတမှုရရှိစေရေး၊ အားလုံးပါဝင်ဆောင်ရွက်ပေး" ဟူသည့်ဆောင်ပုဒ်ဖြင့် တတိယအကြိမ်မြောက် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ကို အကောင်အထည်ဖော်လျက်ရှိသည်။ မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် မဟာဗျူဟာလုပ်ငန်းအစီအစဉ်များ နှစ်စဉ်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ "တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ၏ ၂၀၂၆ ခုနှစ်အတွက် စတုတ္ထနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်ကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယနေ့ထုတ်ပြန်လိုက်သည်။




တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)တွင် တရားစီရင်ရေး၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ တန်ဖိုးများ ရရှိအောင်မြင်စေရန်အတွက် မဟာဗျူဟာလုပ်ငန်းနယ်ပယ်(၅)ရပ်ဖြစ်သည့် တရားရုံးဝန်ဆောင်မှုများ အများပြည်သူ လက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်၊ အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်၊ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲနိုင်မှု စွမ်းရည်မြှင့်တင်ရန်၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်နှင့် ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်တို့ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များကို အရေးကြီးမှု အစီအစဉ်အလိုက် ဦးစားပေးအဆင့်များ သတ်မှတ်၍ နှစ်အလိုက် အကောင်အထည်ဖော်လျက်ရှိသည်။

သို့ဖြစ်ရာ ၂၀၂၃ ခုနှစ်မှစ၍ ၂၀၂၅ ခုနှစ်အထိ (၃) နှစ်တာကာလအတွင်း ဦးစားပေးအဆင့် (၁) အစီအစဉ်များကို အကောင်အထည်ဖော်ခဲ့ပြီး ယခု ၂၀၂၆ ခုနှစ်တွင် မပြီးပြတ်သေးသော လုပ်ငန်းအစီအစဉ်များကို ဆက်လက်ဆောင်ရွက်ရန်နှင့် အသစ်ထပ်မံဆောင်ရွက်ရန်ကိစ္စများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း၏ စတုတ္ထနှစ်လုပ်ငန်းအစီအစဉ်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အင်တာနက်စာမျက်နှာwww.unionsupremecourt.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ခြောက်ကောင်အန်စာတုံးကြိုးဆွဲလောင်းကစားပြုလုပ်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို ဖမ်းဆီးအရေးယူ



**ကျေးသီး ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ်၊ ကျေးသီးမြို့နယ်၌ ဒီဇင်ဘာ ၂၇ ရက်က ခြောက်ကောင်အန်စာတုံးကြိုးဆွဲ လောင်းကစားပြုလုပ်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ရှမ်းပြည်နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းနောင်မြို့၊ နားလင်လိုင်ကျေးရွာအနီး မိုင်းနောင်-ကျေးသီး ကားလမ်းဘေး၌ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မိုင်းနောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ နားလင်လိုင်ကျေးရွာနေ စိုင်းပေါထိလှ(၃၅)နှစ်နှင့် မိုင်းရှူးမြို့၊ အမှတ်(၂)ရပ်ကွက်နေ မနန်းထွေးခမ်း(၁၉)နှစ် ဆိုသူတို့နှစ်ဦးအား ခြောက်ကောင်အန်စာတုံးကြိုးဆွဲလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် စိုင်းပေါထိလှနှင့် နန်းထွေးခမ်း ဆိုသူတို့နှစ်ဦးအား မိုင်းနောင်နယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀



# လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**စစ်ကိုင်း ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၌ ဒီဇင်ဘာ ၂၆ ရက်က လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် စစ်ကိုင်းမြို့နယ်၊ တကောင်းရပ်ကွက်ရှိ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ကိုင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးမြို့မှ မုံရွာမြို့ဘက်သို့ မိုးကုတ်မြို့၊ ညောင်ပင်ကြီးရပ်ကွက်နေ မိုးကျော်(၃၃)နှစ် ဆိုသူ မောင်းနှင်လာသော X-TRAIL မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် မိုးကျော်ဆိုသူအား စစ်ကိုင်းမြို့မရဲစခန်းတွင် ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်ရှိ ကားဂိတ်တွင် TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်နှင့်ပါဆယ်ပစ္စည်းလာရောက်ထုတ်သူ စိုင်းခမ်းအွန်ဆိုသူအား စစ်ဆေးရှာဖွေရာ ၎င်းထုတ်ယူသည့် စက္ကူဂျပ်ဖာအတွင်းမှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၄၀၀ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၅ နာရီ မိနစ် ၂၀ တွင် ၎င်းနေထိုင်သည့် တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်ရှိ နေအိမ်အတွင်းမှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water အလေးချိန် ၉၂၀ ဂရမ်နှင့် ကက်တမင်း အလေးချိန်တစ်ကီလိုတို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းခမ်းအွန်(၂၇)နှစ် ဆိုသူအား တာချီလိတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀

၀-၀-၀



# စိတ်ပြောင်းဆေးဝါး Happy Water များနှင့် ပစ္စတိုသေနတ်တစ်လက် ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၆ရက် မွန်းလွဲ ၂ နာရီခွဲတွင် သတင်းအရ သက်သေများနှင့်အတူ မိုင်းရယ်မြို့၊ အမှတ်(၃)ရပ်ကွက်ရှိ တည်းခိုခန်းတွင် တည်းခိုနေထိုင်သူ စိုင်းလှရွှေ(ခ)အိုက်ရွှေနှင့် စိုင်းလောင်(ခ)အစိုင်းဆိုသူတို့အား စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၂ ဒသမ ၂၅ ကီလို၊ ပစ္စတိုသေနတ်တစ်လက်၊ ၎င်းကျည် ခြောက်တောင့်၊ ကျည်အိမ်တစ်ခု၊ ၎င်းတို့မောင်းနှင်လာသည့် HUMMER အမျိုးအစား မော်တော်ယာဉ်တစ်စီး၊ မော်တော်ဆိုင်ကယ်တစ်စီးနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းလှရွှေ(ခ)အိုက်ရွှေ(၂၉)နှစ်နှင့် စိုင်းလောင်(ခ)အစိုင်း(၂၄)နှစ်ဆိုသူတို့အား မိုင်းရယ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*-*-*

# နိုင်ငံတကာ အားကစား သတင်းများ

## ပူလီဆစ်သည် အေစီမီလန်အသင်းကစားသမားဘဝတွင် စီးရီးအေဂိုးပါဝင်ပတ်သက်မှု ၅၀ ပြည့်မြောက်



**မီလန် ဒီဇင်ဘာ ၂၉**

တောင်ပံကစားသမား ပူလီဆစ်သည် အေစီမီလန်အသင်းကစားသမားဘဝတွင် စီးရီးအေဂိုးပါဝင်ပတ်သက်မှု ၅၀ပြည့်မြောက်ခဲ့သည့် မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါတောင်ပံကစားသမားသည် စီးရီးအေပွဲစဉ်အဖြစ် အေစီမီလန်အသင်းက ဗီရိုနာအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုးတစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလိုမှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား ပူလီဆစ်သည် အေစီမီလန် အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ စီးရီးအေပွဲစဉ် ၈၁ပွဲကစားကာ ၃၁ဂိုးသွင်းယူပြီး၊ ဂိုးဖန်တီးမှု ၁၉ကြိမ်ထိ ပြုလုပ်၍ ဂိုးပါဝင်ပတ်သက်မှု အကြိမ် ၅၀ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ပူလီဆစ်က "ကျွန်တော် အခုလိုမှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းနှင့်အတူ ဆုဖလားတွေ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(ဝဲပုံ) (NGB)**

## စတာလင်ကို ခေါ်ယူရန် ဖူလ်ဟမ်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဒီဇင်ဘာ ၂၉**

ဖူလ်ဟမ်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့သည် ချဲလ်ဆီးအသင်း တောင်ပံကစားသမား စတာလင်ကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၁)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၁ပွဲကစားပြီး ၁၉ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖူလ်ဟမ်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

တောင်ပံကစားသမား စတာလင်ကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဖူလ်ဟမ်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့အနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် စတာလင်ကို မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လည်းဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**





## ၂၀၂၅ခုနှစ် Globe Soccer ဆုပေးပွဲတွင် အကောင်းဆုံးကစားသမားဆုကို ဒမ်ဘီလီဆွတ်ခူး

**လန်ဒန် ဒီဇင်ဘာ ၂၉**

၂၀၂၅ ခုနှစ် Globe Soccer ဆုပေးပွဲ အခမ်းအနားတွင် အကောင်းဆုံးကစားသမားဆုကို ပီအက်စ်ဂျီအသင်းနှင့် ပြင်သစ်တိုက်စစ်မှူး ဒမ်ဘီလီက ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပီအက်စ်ဂျီအသင်းနှင့်အတူ အောင်မြင်မှုဆုဖလားများ ဆွတ်ခူးရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဒမ်ဘီလီသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၁၄ပွဲကစားပြီး လေးဂိုး သွင်းယူထားသည်။

အသက်(၂၈)နှစ်အရွယ်ရှိ ဒမ်ဘီလီက "ကျွန်တော် အခုလို အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော်အခုလို ဆုရရှိတာကလည်း အသင်းဖော်တွေရဲ့ ပိုင်းဝန်းကူညီမှုကြောင့်ပါ။ နောက်ထပ်လည်း အခုလိုဆုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

## စီရော်နယ်လ်ဒိုသည် ၂၀၂၅ ခုနှစ်အတွင်း သွင်းဂိုးပေါင်း ၄၀ ပြည့်မြောက်



**လန်ဒန် ဒီဇင်ဘာ ၂၉**

အယ်လ်နာဆာအသင်းနှင့် ပေါ်တူဂီလက်ရွေးစင်အသင်း တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ၂၀၂၅ခုနှစ်အတွင်း သွင်းဂိုးပေါင်း ဂိုး ၄၀ပြည့်မြောက်သည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အယ်လ်နာဆာအသင်းက အယ်လ်အိုခူဒီအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုးသွင်းယူပြီးနောက် ယခုလိုမှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူးစီရော်နယ်လ်ဒိုသည် ကစားသမားဘဝတွင် စုစုပေါင်း သွင်းဂိုး၉၅၆ဂိုးထိ ရှိလာပြီး ဂိုး ၁၀၀၀ ပြည့်ရန် ၄၄ဂိုးသာ လိုအပ်နေတော့သည်။

အသက်(၄၀) အရွယ်ရှိ စီရော်နယ်လ်ဒိုက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကစားသမားဘဝမှ အနားမယူခင် သွင်းဂိုး ၁၀၀၀ ပြည့်မြောက်နိုင်ဖို့လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ဝဲပုံ)**

**(NGB)**

## ကာဗာနီသည် ဘောလုံးကစားသမားဘဝမှ အနားယူ

**လန်ဒန် ဒီဇင်ဘာ ၂၉**

ဥရုဂွေးလက်ရွေးစင်အသင်းနှင့် ပီအက်စ်ဂျီအသင်းတိုက်စစ်မှူးဟောင်း ကာဗာနီသည် ဘောလုံးကစားသမားဘဝမှ အနားယူသွားခဲ့ပြီ ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက်တွင် ပီအက်စ်ဂျီ၊ နာပိုလီ၊ မန်ယူ၊ ဗလင်စီယာ၊ ဘိုကာဂျူနီယာ စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းပေါင်းများစွာတွင် ကစားပြီး အောင်မြင်မှုများစွာ ရယူနိုင်ခဲ့သည့်အပြင် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ဥရုဂွေးအသင်းနှင့်လည်း ၂၀၀၈မှ ၂၀၂၂ ခုနှစ်အထိ ပွဲပေါင်း ၁၃၆ပွဲကစားပြီး ၅၈ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သည်။ **(အောက်ပုံ)**

အသက်(၃၈)နှစ်အရွယ်ရှိ ကာဗာနီက "ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ကျွန်တော့်ကိုအားပေးခဲ့တဲ့ ပရိသတ်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ"ဟု ပြောသည်။ **(NGB)**



## ဂျွန်တယ်ရီသည် နည်းပြသစ်အဖြစ် ခန့်အပ်ရန် အောက်ဖို့ဒ်အသင်း ဆွေးနွေး



**လန်ဒန် ဒီဇင်ဘာ ၂၉**

အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် အောက်ဖို့ဒ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဂျွန်တယ်ရီကို ခန့်အပ်ရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၄၅)နှစ်အရွယ်ရှိ ဂျွန်တယ်ရီသည် အက်စတွန်ဗီလာ၊ လက်စတာစီးတီးအသင်းတို့တွင် လက်ထောက် နည်းပြအဖြစ် ဆောင်ရွက်ဖူးပြီး အတွေ့အကြုံရှိသူတစ်ဦးဖြစ်ခြင်းကြောင့် အောက်ဖို့ဒ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ ဂျွန်တယ်ရီကလည်း အောက်ဖို့ဒ်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။ **(ဝဲပုံ)**

ထို့ကြောင့် နည်းပြဂျွန်တယ်ရီကို အောက်ဖို့ဒ်အသင်း နည်းပြသစ်အဖြစ် မြင်တွေ့ရမည်လား ဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပ-ကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ထေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၃၀-၁၂-၂၀၂၅ နံနက် ၀၂း၀၀ နာရီ | (၁၉)ဘန်လေ - နယူးကာဆယ်(၁၄) | ဘန်လေ ၁-၄ နယူးကာဆယ် | ဘန်လေ(အိမ်) | ၉ | ၂ | ၂ | ၅ | ၇ | ၁၀ |
| | (နယူးကာဆယ် ၂-၁ ဘန်လေ) | နယူးကာဆယ် ၂-၀ ဘန်လေ | နယူးကာဆယ်(ဝေး) | ၉ | ၁ | ၃ | ၅ | ၇ | ၁၀ |
| ။ | (၅)ချဲလ်ဆီး - ဘုန်းမောက်(၁၅) | ချဲလ်ဆီး ၂-၂ ဘုန်းမောက် | ချဲလ်ဆီး(အိမ်) | ၉ | ၄ | ၂ | ၃ | ၁၃ | ၉ |
| | (ဘုန်းမောက်၀-၀ ချဲလ်ဆီး) | ဘုန်းမောက် ၀-၁ ချဲလ်ဆီး | ဘုန်းမောက်(ဝေး) | ၉ | ၁ | ၃ | ၅ | ၁၆ | ၂၅ |
| ။ | (၁၇)နော်တင်ဟမ် - အဲဗာတန်(၁၂) | နော်တင်ဟမ် ၀-၁ အဲဗာတန် | နော်တင်ဟမ်(အိမ်) | ၉ | ၃ | ၁ | ၅ | ၁၂ | ၁၅ |
| | (အဲဗာတန်၃-၀ နော်တင်ဟမ်) | အဲဗာတန် ၀-၂ နော်တင်ဟမ် | အဲဗာတန်(ဝေး) | ၉ | ၃ | ၂ | ၄ | ၇ | ၁၀ |
| ။ | (၁၈)ဝက်စ်ဟမ်း - ဘရိုက်တန်(၁၃) | ဝက်စ်ဟမ်း ၁-၁ ဘရိုက်တန် | ဝက်စ်ဟမ်း(အိမ်) | ၉ | ၂ | - | ၇ | ၁၀ | ၂၀ |
| | (ဘရိုက်တန် ၁-၁ ဝက်စ်ဟမ်း) | ဘရိုက်တန် ၃-၂ ဝက်စ်ဟမ်း | ဘရိုက်တန်(ဝေး) | ၉ | ၂ | ၂ | ၅ | ၁၀ | ၁၄ |
| ၃၁-၁၂-၂၀၂၅ နံနက် ၀၂း၄၅ နာရီ | (၁)အာဆင်နယ် - ဗီလာ(၃) | အာဆင်နယ် ၂-၂ ဗီလာ | အာဆင်နယ်(အိမ်) | ၉ | ၈ | ၁ | - | ၂၂ | ၄ |
| | (ဗီလာ ၂-၁ အာဆင်နယ်) | ဗီလာ ၀-၂ အာဆင်နယ် | ဗီလာ(ဝေး) | ၉ | ၅ | ၂ | ၂ | ၁၄ | ၁၂ |
| ။ | (၆)မန်ယူ - ဝုဖ်(၂၀) | မန်ယူ ၀-၁ ဝုဖ် | မန်ယူ(အိမ်) | ၉ | ၅ | ၂ | ၂ | ၁၇ | ၁၂ |
| | (ဝုဖ် ၁-၄ မန်ယူ) | ဝုဖ် ၂-၀ မန်ယူ | ဝုဖ်(ဝေး) | ၉ | - | ၁ | ၈ | ၃ | ၁၆ |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၀) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၃၀-၁၂-၂၀၂၅ အင်္ဂါနေ့ | ညနေ ၃း၃၀ နာရီ | (၃)ရတနာပုံ - ဒဂုံစတား(၄)<br>(W,W,L,D,W) (D,L,D,L,W) | ရတနာပုံ ၄-၂ ဒဂုံစတား<br>ဒဂုံစတား ၁-၁ ရတနာပုံ |
| ။ | ညနေ ၄း၀၀ နာရီ | (၁၁)ဒဂုံပို့ - သစ္စာအားမာန်(၁၀)<br>(D,L,L,D,L) (W,L,L,D,L) | ဒဂုံပို့ ၁-၂ သစ္စာအားမာန်<br>သစ္စာအားမာန် ၃-၃ ဒဂုံပို့ |

### အာဖရိကနိုင်ငံများ ဖလားဘောလုံးပြိုင်ပွဲ (အုပ်စုအဆင့်)နောက်ဆုံးပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ်(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|---|
| ၃၀-၁၂-၂၀၂၅ အင်္ဂါနေ့ | ည ၁၀း၃၀ နာရီ | C | တန်ဇန်းနီးယား - တူနီးရှား | တန်ဇန်းနီးယား ၁-၁ တူနီးရှား |
| ။ | ။ | C | ယူဂန်ဒါ - နိုင်ဂျီးရီးယား | နိုင်ဂျီးရီးယား ၀-၀ ယူဂန်ဒါ |
| ၃၁-၁၂-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၀၁း၃၀ နာရီ | D | ဘီနင် - ဆီနီဂေါ | ဘီနင် ၁-၁ ဆီနီဂေါ |
| ။ | ။ | D | ဘော့ဆွာနာ - DR ကွန်ဂို | DR ကွန်ဂို ၂-၀ ဘော့ဆွာနာ |

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးဝင်းအတွင်းရှိ ဓမ္မာရုံအား အသစ်ပြန်လည်တည်ဆောက်ပြီးစီး၍ ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ





**မန္တလေး ဒီဇင်ဘာ ၂၉**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးဝင်းအတွင်းရှိ ဓမ္မာရုံအား အသစ်ပြန်လည်တည်ဆောက်ပြီးစီး၍ ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရ အမှူးပြု၍ ဒုတိယပါမောက္ခချုပ်ဆရာတော်နှင့် ဆရာတော်သံဃာတော် ၁၁ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး ဓမ္မာရုံတွင် ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ် သုံးဆူအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

၎င်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဆရာတော်ထံက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်မြတ်များကို နာယူကြည်ညိုကြပြီးနောက် ဆရာတော်သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ထံသို့လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)ဒုတိယပါမောက္ခချုပ်နှင့် ဆရာတော်သံဃာတော်များထံသို့လည်းကောင်း ဆက်ကပ်လှူဒါန်းကြ၍ လှူဒါန်းမှုအစုစုအတွက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဆရာတော်ထံက အနုမောဒနာတရား နာယူကြည်ညိုကြကာ ရေစက်သွန်းချ အမျှပေးဝေကြပြီးနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းပြီးနောက် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**







## မြင့်မြတ်ပညာရေးဖောင်ဒေးရှင်းမှ ချို့တဲ့သူ ကျောင်းသား၊ ကျောင်းသူများကို ၂၀၂၆ ခုနှစ်အတွက် ရွေးချယ်ထားသူများအား ထောက်ပံ့ကြေးများ ပေးအပ်

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၉**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ပဒေသာမြို့သစ်၊ ပီတောက်လမ်း(ထထ-၅၇)တွင် ဖွင့်လှစ်ထားရှိသော မြင့်မြတ်ပညာရေးဖောင်ဒေးရှင်းတွင် ယမန်နေ့က ပြုလုပ်သော ၂၀၂၆ ခုနှစ်အတွက် တက္ကသိုလ်အဆင့် တက်ရောက်နေကြသော ချို့တဲ့သူများ၏ ပညာရေးအတွက် အခက်အခဲရှိသူများကို လက်တွေ့ကွင်းဆင်းစစ်ဆေးပြီးနောက် ရွေးချယ်ကာ ထောက်ပံ့ကြေးများ ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားကို မြင့်မြတ်ပညာရေးဖောင်ဒေးရှင်း တည်ထောင်သူ နာယကကြီး ဦးရဲမြင့် နှင့် ဇနီးဒေါ်မြတ်ငွေ၊ အသင်းအလုပ်အမှုဆောင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ၊ ပညာသင်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ၊ ယခင်ထောက်ပံ့ကြေးရရှိပြီး အောင်မြင်သွားခဲ့ကြသူ ကျောင်းသား၊ ကျောင်းသူ များ တက်ရောက်ခဲ့ကြသည်။

ယခုနှစ် လက်ခံရယူခွင့် ရွေးချယ်ခံထားရသူ ကျောင်းသား၊ ကျောင်းသူများက ကိုယ်တိုင် မိတ်ဆက်ကြကာ ဘဝပေးအခြေအနေများပြောကြားပြီး ကျေးဇူးတင်စကားများ ပြောကြားကြသည်။ ထို့နောက် ဖောင်ဒေးရှင်း အမှုဆောင်များ ထောက်ပံ့ကြေး ပေးအပ်သည်ကို လက်ခံရယူကြပြီး ကျောင်းသားတစ်ဦးက ကိုယ်စားပြု ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ ထို့အပြင် ယခင်အောင်မြင်သွားကြသည့် ကျောင်းသား၊ ကျောင်းသူများက အတွေ့အကြုံများကို ပြောကြားကြပြီး မိဘတစ်ဦးမှ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အထူးအနေဖြင့် ဦးကျော်ဌေး "Kyaw" Interprise com. ltd က ကျောင်းသားတစ်ဦးအတွက် နှစ်စဉ် မကွယ်လွန်မီအချိန်အထိ လှူဒါန်းသွားမည်ဖြစ်ကြောင်း ကတိစကားပြောကြားပြီး လှူဒါန်းသွားခဲ့သည်။

၂၀၂၆ ခုနှစ်အတွက် ချို့တဲ့သူ ၁၁ ဦးကို တစ်ဦးအတွက် ၁၄ သိန်းစီ ထောက်ပံ့ခဲ့သည်။

ထို့နောက် နာယကကြီးမှ ဆောင်ရွက်ခဲ့ရမှုအတွေ့အကြုံများ ရှေ့ဆက်သွားမည့်အနာဂတ် အစီအစဉ်များနှင့် ဆုံးမစကားများပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(ကဆ)**



# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်း



**မန္တလေး ဒီဇင်ဘာ ၂၉**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တွင် သီတင်းသုံးတော်မူကြသည့် ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ကေသရ ဆရာတော်ကြီး အမှူးပြုသော စာချ၊ စာသင်ရဟန်း၊ သံဃာတော်အရှင်မြတ်စုစုပေါင်း (၃၆၂)ပါးတို့အား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ရာသက်ပန်ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ၆၂ လမ်း၊ ၁၂ လမ်းနှင့် ၁၄ လမ်းကြားရှိ အဆိုပါတက္ကသိုလ် ဆွမ်းစားကျောင်းဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဌာနမှူးများနှင့် အရာထမ်းဝန်ထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ နံနက် ၆နာရီတွင် မြို့တော်ဝန်၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းကိုလည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် နေ့ဆွမ်းကိုလည်း ကောင်း အသီးသီးဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် ရေစက်ချအခမ်းအနားကို ဆက်လက်ကျင်းပရာ ပါမောက္ခချုပ် ဆရာတော်ကြီးအမှူးပြုသော သင်ကြား၊ စီမံဆရာတော်ကြီး ငါးပါးကြွရောက်ချီးမြှင့်ကြပြီး အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်တော်မူသည်။

ထို့နောက် ပါမောက္ခချုပ်ဆရာတော်ကြီးထံမှ ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်အရှင်မြတ်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူအပ်သော ပရိတ်တရားတော်များကို ရိုသေစွာနာယူကြည်ညိုကြသည်။ ယင်းနောက် မြို့တော်ဝန်က ပါမောက္ခချုပ် ဆရာတော်ကြီးထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များက ဆရာတော်ကြီးများထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကိုလည်းကောင်း အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြို့တော်ဝန်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ရာသက်ပန် ဆွမ်းပဒေသာပင် ထပ်မံစိုက်ထူ လှူဒါန်းငွေကျပ် သိန်း ၁၀၀ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ ယင်းနောက် ပါမောက္ခချုပ်ဆရာတော်ကြီးက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားဟောကြား ချီးမြှင့်တော်မူပြီး ရေစက်သွန်းလောင်းအမျှပေးဝေကာ အခမ်းအနားကို "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ပြီးမြောက်ခဲ့သည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းမိသားစုများအနေဖြင့် ယနေ့ထပ်မံစိုက်ထူ လှူဒါန်းခဲ့သည့် ရာသက်ပန်ဆွမ်းပဒေသာပင် အလှူငွေကျပ် သိန်း ၁၀၀ အပါအဝင် ယခင်လှူဒါန်းပြီး ရာသက်ပန်ဆွမ်းပဒေသာပင် အလှူငွေကျပ် သိန်း ၅၅၀ စုစုပေါင်းဆွမ်းပဒေသာပင် အလှူငွေကျပ် သိန်း ၆၅၀ ကို လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၉**






မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂)ဦးနေလင်းထွန်း၊ ကော်မတီဝင်(၃)ဦးကျော်သူဝင်းနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနမှူးများနှင့်ဇနီးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ မြို့တော်ဝန်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရည်မှန်းချက်များဖြစ်သည့် "မန္တလေးမြို့တော် သန့်ရှင်းရမည်၊ မန္တလေးမြို့တော် သာယာလှပရမည်၊ မြို့တော်နေလူထုစိတ်ချမ်းသာရမည်" ဆိုသည့် ဦးတည်ချက်တွေကို ဦးလည်မသုန် ကြိုးစားထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနက် ထူးချွန်သူများကို (၃၈)ဖြာ မင်္ဂလာတရားတော်နှင့်အညီ ဆုချီးမြှင့်သည့် အခမ်းအနားဖြစ်သည့်အတွက် မင်္ဂလာရှိသောနေ့တစ်နေ့ ဖြစ်ပါကြောင်း။

(၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့မတိုင်မီ ဌာနအသီးသီးရှိ ဝန်ထမ်းများအား အားကစားပြိုင်ပွဲများ ကျင်းပပေးခဲ့ပြီး အားကစားထူးချွန်သူများအား ပြိုင်ပွဲအလိုက်ဆုများ ချီးမြှင့်ခြင်း၊ အသက်(၇၅)နှစ်နှင့်အထက် အငြိမ်းစားဝန်ထမ်းများအား လက်ဆောင်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် ကော်မတီတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အမြဲတမ်းဝန်ထမ်းများအတွက် ဝတ်စုံစရိတ်အဖြစ် တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် (၂၇၉၁)ဦးအတွက် ဝတ်စုံစရိတ်ငွေကျပ် ၈၃၇၃၀၀၀၀နှင့် စည်ပင်သာယာရဲတပ်ဖွဲ့ဝင်(၁၁၃)ဦးအတွက် ဝတ်စုံချုပ်ခနှင့် လယ်သာဖိနပ်ဖိုး ငွေကျပ် ၇၃၄၅၀၀၀ တို့အား နှစ်ပတ်လည်နေ့မတိုင်မီ ထုတ်ပေးခဲ့ပါကြောင်း၊ ကော်မတီရုံးအပါအဝင် ဌာနများအလိုက် ဝန်ထမ်းမိသားစုမိတ်ဆုံစားပွဲများကိုလည်း ကျင်းပပေးခဲ့ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် သီတင်းသုံးလျက်ရှိသော ဆရာတော်၊ သံဃာတော်များအား (အရုဏ်ဆွမ်း၊ နေ့ဆွမ်း)များ ဆက်ကပ်လှူဒါန်းပြီး ရာသက်ပန်ဆွမ်းပဒေသာပင်များ စိုက်ထူလှူဒါန်းခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၂၅ ခုနှစ်အတွင်း ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ဌာနမှူး၊ ဒုတိယဌာနမှူးနှင့် ဌာနခွဲမှူး ရာထူးနေရာများသို့အဆင့်ဆင့်ရာထူးတိုးမြှင့်ခြင်း၊ ယာယီနေ့စားဝန်ထမ်းများအား စိစစ်ရေးအဖွဲ့ဖြင့် စိစစ်ပြီး အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်ထားခြင်း၊ ထို့အပြင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေနှင့်အညီ အငယ်တန်းစာရေး၊ ကျွမ်းကျင်အဆင့်(၄)နေရာများသို့ ဖြည့်တင်းရေးကိုလည်း ဆောင်ရွက်နေပါကြောင်း၊ ကော်မတီရုံးနှင့် ဌာနကြီး(၁၄)ခုမှ ဝန်ထမ်းကောင်းဆုရရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က ရွေးချယ်စေလွှတ်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)နှင့် မြန်မာနိုင်ငံ မြေတိုင်းသင်တန်းကျောင်းများ၌ တက်ရောက်ခဲ့ကြသည့် သင်တန်းထူးချွန်ဆုရ အရာထမ်း၊ အမှုထမ်းများကိုလည်း ကော်မတီအနေဖြင့် အထူးပင်အသိအမှတ်ပြုမှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း၊ ဆက်လက်၍ ဌာနတစ်ခုတည်း၌ တစ်ဆက်တည်းလုပ်သက်(၃၅)နှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းတစ်ဦးကိုလည်း ဂုဏ်ပြုချီးမြှင့်သွားမှာဖြစ်ကြောင်း။

အထူးပြောကြားလိုသည်မှာ မြို့တော်စည်ပင်ဝန်ထမ်းများအနေဖြင့် တာဝန်သိသိသစ္စာရှိရှိနှင့် ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်းဖြင့် ပြန်လည်အကျိုးပြုပေးကြရန်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာကြပြီး "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဆိုသည့်အတိုင်း မိမိ၏ အရည်အချင်းများ ပြည့်စုံအောင်လေ့လာကြိုးစားသွားကြရန်၊ မန္တလေးမြို့တော်ကြီးအား သန့်ရှင်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရန်နှင့် မြို့တော်နေပြည်သူများအတွက် စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်ပြီး မြန်မြန်ဆန်ဆန် အကောင်းဆုံးဝန်ဆောင်မှုတွေပေးနေသည့် ဝန်ထမ်းကောင်းများဖြစ်အောင် အစဉ်အမြဲကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဖြစ်ပေါ်လာပုံသမိုင်းကြောင်း(Video Clip)အား ပြသသည်။ ဆက်လက်၍ ကော်မတီရုံးအပါအဝင် ဌာန(၁၄)ခုမှ ဝန်ထမ်းကောင်းဆုရရှိသူ (၁၅)ဦးတို့အား တွဲဖက်အတွင်းရေးမှူးနှင့်ကော်မတီဝင်များကလည်းကောင်း၊ အခြေခံမြေတိုင်းသင်တန်းအမှတ်စဉ်(၈၁)တွင် (ပထမ၊ ဒုတိယ၊ တတိယအဆင့်) ရရှိခဲ့ကြသည့် ဝန်ထမ်း(၃)ဦးအား အတွင်းရေးမှူးကလည်းကောင်း၊ အလယ်၊ အလတ်အဆင့်မြေတိုင်းသင်တန်းအမှတ်စဉ်(၇၀)တွင် ပထမအဆင့်ရရှိခဲ့သည့် ဝန်ထမ်းတစ်ဦး၊ အဆင့်မြင့်မြေတိုင်းသင်တန်းအမှတ်စဉ်(၅၈)တွင် ပထမအဆင့်ရရှိခဲ့သည့် ဝန်ထမ်းတစ်ဦး၊ အထက်မြန်မာပြည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၌ ဖွင့်လှစ်ခဲ့သည့် အလယ်၊ အလတ်အဆင့်အရာထမ်းသင်တန်းအမှတ်စဉ်(၁၂)တွင် သင်တန်းသားစံပြဆုရရှိခဲ့သော အရာထမ်းဝန်ထမ်းတစ်ဦးတို့အား မြို့တော်ဝန်ကလည်းကောင်း၊ ယာယီနေ့စားမှ နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ခဲ့သည့် ဝန်ထမ်း(၃၁)ဦးတို့အား ရာထူးခန့်အပ်သည့်အမိန့်စာများကို အတွင်းရေးမှူးနှင့်ကော်မတီဝင်များကလည်းကောင်း၊ မြို့တော်စည်ပင်သန့်ရှင်းရေးဌာနတွင် တစ်ဆက်တည်း လုပ်သက်(၃၅)နှစ်တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းတစ်ဦးအား ဈေးနှင့်သားသတ်ဌာန ဌာနမှူးကလည်းကောင်း ဆုများကို အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် စုစုပေါင်း ရမှတ် (၆၅)မှတ်ဖြင့် တံခွန်စိုက်ဆုရရှိသော စက်ရုံနှင့်မော်တော်ယာဉ်ဌာနအား မြို့တော်ဝန်က တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

သတင်း-စာမျက်နှာ ၁၃





သတင်း-စာမျက်နှာ ၁၃







## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အထက်တန်းအဆင့် ကဗျာရေးစပ်ပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြို အထက်တန်းအဆင့် ကဗျာရေးစပ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီခွဲက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့သည်။

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အထက်တန်းအဆင့် ကဗျာရေးစပ်ပြိုင်ပွဲကို မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ တင်သော်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ကဗျာရေးစပ်ခြင်းနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းနောက် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများက လွတ်လပ်အမွေ တို့မြန်ပြည် ထိန်းသိမ်းကြစို့လေ ခေါင်းစဉ်ဖြင့် ကဗျာရေးစပ်ပြိုင်ပွဲကို ပါဝင်ရေးစပ်ခဲ့ကြသည်။

အဆိုပါ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြို အထက်တန်းအဆင့် ကဗျာရေးစပ်ပြိုင်ပွဲကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ကျင်းပခဲ့ရာ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

(၄၆၉)

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**စစ်ကိုင်း ဒီဇင်ဘာ ၂၉**

ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက စစ်ကိုင်းပညာရေးတက္ကသိုလ် အားကစားခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ သင်ကြား၊ စီမံဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ များ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် စစ်ကိုင်းခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိကျော်က မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ် စုပေါင်းကာကွယ် ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ပြီး မီးခိုးမြူငွေ့လျှော့ချရေးနှင့် လေထုညစ်ညမ်းမှုဆိုင်ရာ PM 2.5 အကြောင်း အသိပညာပေး Video Clip အား ပြသခဲ့သည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## လမ်းပိတ်/လမ်းလွှဲဆောင်ရွက်မည့် အစီအစဉ် အသိပေးကြေညာချက်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက် ညအချိန်တွင် နှစ်သစ်ကူးပွဲတော်၊ ပျော်ပွဲရွှင်ပွဲအစီအစဉ်အား မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၂၆လမ်းနှင့် ၆၆လမ်းဆုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပွဲတော်လာပြည်သူများ လုံခြုံစိတ်ချစွာ ပျော်ရွှင်နိုင်ရေး၊ ယာဉ်အန္တရာယ်ကင်းဝေးစေရေးတို့အတွက် လမ်းပိတ်/လမ်းလွှဲ အစီအစဉ်အား အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(၁) ၆၆လမ်းအား ၂၄လမ်းမှ ၂၇လမ်းအထိနှင့် ၂၆လမ်းအား ၆၈လမ်းမှ ၆၅လမ်းအထိအား အရေးကြီးယာဉ်တန်းမှလွဲ၍ မည်သည့်ယာဉ်မျှ ဝင်ခွင့်မပြုဘဲ ပွဲတော်လာ ပြည်သူလူထုသာ ခြေလျင်ဝင်ခွင့်ပြုစေပါမည်။

(၂) ၁၉လမ်းနှင့် ၆၆လမ်းဆုံ၊ ၂၆လမ်းနှင့် ၆၂လမ်းဆုံ၊ လမ်း၃၀နှင့် ၆၆လမ်းဆုံ၊ ၂၆လမ်းနှင့် ၇၃လမ်းဆုံတို့တွင် လမ်းလွှဲ၍ ပွဲတော်လာယာဉ်များနှင့် အဆိုပါနေရာများအတွင်း နေထိုင်သည့် ယာဉ်များသာ ဝင်/ထွက်ခွင့်ပြုမည်ဖြစ်ပြီး အခမ်းအနားနေရာ ၂၆လမ်းနှင့် ၆၆လမ်းဆုံ ဖြတ်သန်းသွားမည့်ယာဉ်များ ဝင်ခွင့်မပြုဘဲ အခြားလမ်းလွှဲမှ မောင်းနှင်ဆောင်ရွက်စေပါမည်။

၆၆ လမ်းပေါ်နှင့် ၂၆လမ်းပေါ် လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်ရမည့် ဧရိယာအတွင်းရှိ ဈေးဆိုင်ခန်းလာယာဉ်များအား ညနေ ၅ နာရီအချိန်အထိသာ ဝင်/ထွက်သွားလာသယ်ယူပို့ဆောင်ခွင့်ပြုမည်ဖြစ်ပြီး ၅ နာရီကျော်လျှင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၃၁-၁၂-၂၀၂၅ ရက်နေ့ ညနေ ၆ နာရီမှ ပွဲတော်ပြီးဆုံးချိန်အထိ အထက်ဖော်ပြပါ လမ်းများအား ခေတ္တ လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။



## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ ပြိုင်ပွဲနှင့် ပြပွဲများ ကျင်းပ

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စာအုပ်၊ စာစောင်များနှင့် အသိပညာပေးနံရံကပ်ပိုစတာများကို ယနေ့နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမနှင့် ကလေးစာဖတ်ခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ဦးစီးမှူး ဦးစည်သူထွန်းလင်းက (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြောင်း သိကောင်းစရာများ၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂစသည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အားလပ်ချိန်များတွင် စာအုပ်စာစောင်များကို လေ့လာဖတ်ရှုကြစေရန် အချက်များကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စာစီစာကုံးပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး ဦးကြည်သင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်ပြီး ဆေးရောင်ခြယ်ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား မုန့်များ ပေးအပ်ခဲ့ရာ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများ ပေးအပ်သွားမည်ဖြစ်ကြောင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးနိုင်လင်းထံမှ သိရပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များနှင့် အသိပညာပေးနံရံကပ်ပိုစတာများကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

## MSME လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းယောင်း ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၊ မုန်းလိုက်ကျေးရွာ၌ MSME လုပ်ငန်းဆောင်ရွက်နေမှုအား တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေကျပ်သိန်း ၂၀၀၀ ရယူပြီး MSME လုပ်ငန်းဆောင်ရွက်နေသော Nanon သွပ်ပြားစက်ရုံကို မြို့နယ်စီမံကိန်းဦးစီးဌာန၊ မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

စိုင်းအောင်ဇော်လင်း



## အသိပညာပေးလက်ကမ်းစာစောင် ၁၀၀ ဝေငှ

**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံး၌ နိုင်ငံသားစိစစ်ရေးကဒ်၊ ပုံစံ(၆၆)၊ အိမ်ထောင်စုဇယားအဝင်၊ အထွက်နှင့်လူဦးရေအတိုး၊ အလျှော့လာလုပ်ကြသော ပြည်သူများအား ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် မြို့နယ်လဝကဦးစီးမှူး ဦးသိန်းလွင်၊ မြို့နယ်ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနဝန်ထမ်းများက အသိပညာပေး လက်ကမ်းစာစောင် ၁၀၀ အား ဝေငှပေးကြကြောင်း သိရသည်။

(အောက်ပုံ)

(၀၉၃)



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## သိုင်းခရု လိုက်ပါတယ်ခင်ဗျား

\- - - - - - - - - - - - - - -

* နံနက်လင်းလျှင်၊ မန်းမြို့တစ်ခွင်၌
စည်ပင်လုပ်သား၊ မောင်မယ်များတို့
လုပ်အားပေးဖို့ လာကြသည်။

* အမှိုက်လှည်းသူ၊ မြောင်းဆယ်သူနှင့်
ကမူကျုံးဘေး၊ ပန်းတွေမွေးဖို့
ရေအေးဖျန်းကာ၊ ပေါင်းရှင်းကာဖြင့်
ခမြာများတို့ အလုပ်ရှုပ်လို့။

* မြို့တွင်းအနှံ့မှာ၊ အမှိုက်ကားလာဟု
သံစာဟစ်ပြီး၊ ခေါင်းလောင်းတီးလျက်
ကားကြီးမောင်းကာ လှည့်နေသည်။

* မိုးတွေရွာလျှင်၊ ရေများဝင်သော်
စည်ပင်လာပါ၊ ကူပေးပါဦး
လုပ်ပါဦးဟု၊ နှလုံးပူဆွေး
မျက်နှာပေးကြောင့်၊ ပြေး၍ ကူညီခဲ့ကြသည်။

* တံတားကျိုးပျက်၊ သွားဖို့ခက်သော်
ကျိုးပျက်တံတား၊ ကောင်းမွန်သွားဖို့
လုပ်အားပေးမှာ၊ စည်ပင်လာပြီ။

* လေမုန်တိုင်းကြောင့်၊ သစ်ကိုင်းကျိုးပျက်
လမ်းသွားခက်သော်၊ ခက်သည့်လမ်းအား
ရှင်းလင်းသွားဖို့၊ လုပ်အားပေးမှာ
စည်ပင်လာပြီ။

* အိမ်ခြံမြေလား၊ ဂရန်လားတဲ့
စဉ်းစားစဉ်ခိုက်၊ အကြံအိုက်သော်
နှစ်ခြိုက်ရွှင်ပြုံး၊ စည်ပင်ရုံးသို့
ဒုန်းစိုင်းပြေး၍ မေးကြသည်။

* စည်ပင်အရေး၊ တွေး၍မကုန်
ရေးမကုန်တည့်၊ စေ့စုံစကားဝိုင်း
ပုံပြခိုင်းလည်း၊ ပုံခိုင်းအမှု၊ နှိုင်းမတုလို့
သိုင်းခရုလိုက်ပါတယ်ခင်ဗျား။ ။
(သိုင်းခရု= Thank You)

**အင်ကြင်းစု-မျိုးချစ်ဆွေ(မန္တလေး)**

## လယ်ရိတ်သိမ်းပြီး သီးထပ်စိုက်ပျိုးရန် ပြင်ဆင်

**မြစ်သား ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ ရိတ်သိမ်းပြီးလယ်မြေများ သီးထပ်စိုက်ပျိုးကြရန် ပြင်ဆင်နေကြကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ဒေသမှာ အခုအခါမိုးစပါးများ ရိတ်သိမ်းခြွေလှေ့နေကြပါတယ်။ ရိတ်သိမ်းပြီး လယ်မြေများကိုလည်း သီးထပ်စိုက်ပျိုးဖို့ ပြင်ဆင်နေကြပါတယ်။ သီးထပ်စိုက်ပျိုးရာမှာ နေကြာသီးနှံနဲ့ကုလားပဲ သီးနှံအဓိကစိုက်ပျိုးကြပြီး တစ်ချို့တောင်သူတွေက ဟင်းသီးဟင်းရွက်သီးနှံအဖြစ် သခွား၊ ဖရုံ၊ ဖရဲ၊ မုန်ညှင်းစတဲ့သီးနှံစိုက်ပျိုးကြပါတယ်"ဟု ရွှေကြာအင်းကျေးရွာရှိ တောင်သူဦးဝင်းမြင့်က ပြောသည်။



မြစ်သားမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်း၊ ရေသောက်ဖြစ်သော်လည်း ချောင်းရေ၊ မြောင်းရေ၊ မြေအောက်ရေတင်ပြီး စပါးအပြင်သီးနှံ မျိုးစုံစိုက်ပျိုးကြခြင်းကြောင့် မိသားစုဝင်ငွေရရှိပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိနေကြကြောင်း သိရသည်။

(ဝဲပုံ)

ဝါဝါမြင့်(မြစ်သား)

**အသက်သည် သွေး သွေးသည် အသက်။**



# အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုများ၏ အဖျက်အမှောင့်လုပ်ရပ်များကြားမှ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကို ဒီမိုကရေစီစနစ်ကိုလိုလားသူပြည်သူလူထုများ၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့

နေပြည်တော်   ဒီဇင်ဘာ   ၂၉

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ နိုင်ငံသားအခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်ကိုအသုံးချပြီး နိုင်ငံ၏အနာဂတ်လမ်းကြောင်းကို ရွေးချယ်ဆုံးဖြတ်ရမည်ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁)ကို ဒီဇင်ဘာ ၂၈ ရက်တွင် အောင်မြင်စွာကျင်းပပြီးမြောက်ခဲ့ပြီးဖြစ်သည်။

ရွေးကောက်ပွဲအပိုင်း(၁)တွင် နိုင်ငံတစ်ဝန်း မြို့နယ်ပေါင်း ၁၀၂ မြို့နယ်ရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နံနက် ၆ နာရီမှ မဲရုံပိတ်သိမ်းသည်အထိ မည်သည့်ဖိအားတစ်စုံတစ်ရာမျှမပါရှိဘဲ မိမိတို့၏လွတ်လပ်သည့် သဘောထားဆန္ဒများအလျောက် တက်တက်ကြွကြွ စည်းကမ်းရှိရှိ နိုင်ငံကြီးသားပီသစွာဖြင့် ဆန္ဒမဲများပေးခဲ့ကြသည်ကို အားလုံးတွေ့မြင်ခဲ့ကြပြီးဖြစ်သည်။

ထိုကဲ့သို့ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုက ဒီမိုကရေစီလမ်းကြောင်းကို ရွေးချယ်နေချိန်တွင် အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုများအနေဖြင့် အကြမ်းဖက်ဝါဒကို ဆက်လက်စွဲကိုင်ကာ နိုင်ငံအတွင်းရှိအချို့နေရာများ၌ ရွေးကောက်ပွဲ အထမမြောက်စေရန်၊ မဲပေးပိုင်ခွင့်ရှိသူမဲဆန္ဒရှင်များ မဲရုံများသို့ မသွားနိုင်စေရန်၊ ဖွင့်လှစ်ပြီးမဲရုံများ ပျက်စီးဆုံးရှုံးစေရန်နှင့် လာရောက်မဲပေးကြသည့် မဲဆန္ဒရှင်များ ထိတ်လန့်တုန်လှုပ်စေရန် ယုတ်မာရိုင်းစိုင်းသောရည်ရွယ်ချက်များဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အဝေးမှ လက်လုပ်လက်နက်ကြီးများ၊ လက်လုပ်ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်နှောင့်ယှက်ခြင်း၊ အသံမိုင်းများဖောက်ခွဲပြခြင်း၊ မဲရုံသို့လာရောက်ရန် ကြို/ပို့ ယာဉ်များအား တားဆီးခြင်း၊ ခြိမ်းခြောက်စာများပို့ခြင်း စသည့် ခြိမ်းခြောက်မှုများရှိခဲ့သကဲ့သို့ ဒရုန်းများဖြင့် Drop Bomb ချခြင်း၊ Fixed Wing ဖြင့် ပစ်ခတ်ခြင်းနှင့် မဟုတ်မမှန်သတင်းများ ဖြန့်ဝေခြင်းတို့ကိုလည်း လုပ်ဆောင်ခဲ့ကြသည်။

ထိုသို့လုပ်ဆောင်ခဲ့ကြရာ အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုများအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကျင်းပခဲ့သည့် ဒီဇင်ဘာ ၂၈ ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရွှေညောင်ပင်ရပ်ကွက် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ် (၈၂) ၌ လက်လုပ်အသံမိုင်းဖောက်ခွဲခြင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့ ရွှေတောင်ရပ်ကွက်နှင့် မင်္ဂလာရပ်ကွက်အတွင်းသို့ ၁၀၇ မမ လက်လုပ်ဗုံးသီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ကရင်ပြည်နယ် မြဝတီမြို့ အမှတ် (၃) ရပ်ကွက်ရှိ ကမ္ဘောဇဘဏ်အနီးနှင့် အမှတ် (၅)ရပ်ကွက်ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေး အမှတ်(၂) တံတားအနီးတို့၌ ဒေသန္တရလက်လုပ်မိုင်းများ ဖောက်ခွဲခြင်း၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအား Fixed Wing ဖြင့် ပစ်ခတ်ခြင်း၊ ခမောက်ကြီးမြို့ အောင်ချမ်းသာကျေးရွာအုပ်စု ယုဇနဆီအုန်းကုမ္ပဏီ မာရမ်းပျိုးခြံမှ ဆန္ဒမဲပေးရန် မဲရုံသို့သွားရောက်သည့် ဆီအုန်းခြံလုပ်သား ၁၇၀ အား တားဆီးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၃) ရပ်ကွက်ရှိ မဲရုံအမှတ်(၂)အနီးသို့ Drop Bomb ချတိုက်ခိုက်ခြင်း၊ စစ်ကိုင်းမြို့ တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်သို့ လက်လုပ်ရှော့တိုက်ဒုံး ခြောက်လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ တမူးမြို့ စော်ဘွား (၁) ရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၃)အနီးသို့ Drop Bomb ချတိုက်ခိုက်ခြင်း၊ ကသာမြို့ မြောက်ဘက်နှင့်တောင်ဘက်မှ လက်နက်ငယ်၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်း၊ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် နန်းတော်ကျွန်းကျေးရွာအတွင်းနှင့် အောင်မြေသာစံမြို့နယ်အတွင်းတို့သို့ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မြင်းခြံမြို့ ထွေ/အုပ်ရုံးအနီး၊ တရားရုံးအနီးနှင့် ဗဟိုအကျဉ်းထောင်ကြားလမ်းအနီးတို့သို့ Drop Bomb ချတိုက်ခိုက်ခြင်း၊ ညောင်ဦးမြို့နယ် ဇုန်အမှတ် (၉) မဲရုံအမှတ် (၆၄) အခြေခံပညာမူလတန်းကျောင်း (ပြွန်)စာသင်ကျောင်းအနီးသို့ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက် ပစ်ခတ်တိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များကို ဒီဇင်ဘာ ၂၇ ရက် ညနေမှ ၂၈ ရက် ညနေပိုင်းအထိ အပိုင်း (၁) မဲဆန္ဒနယ် ၁၀၂ မြို့နယ်အနက် မြို့နယ် ၁၁ ခုတို့၌ နှောင့်ယှက်မှုများပြုလုပ်ခဲ့ကြရာ ပြည်သူငါးဦးခန့်သာ အနည်းငယ်ထိခိုက်ဒဏ်ရာရမှုဖြစ်ပွားခဲ့သော်လည်း လွတ်လပ်၍ တရားမျှတပြီး ဂုဏ်သိက္ခာရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသို့ နှောင့်ယှက်ပစ်ခတ်မှုနှင့် ခြိမ်းခြောက်မှုများကြားမှ အပိုင်း (၁) ကျင်းပသည့် ၁၀၂ မြို့နယ်လုံး၌ ဒီမိုကရေစီစနစ်ကို သက်ဝင်ယုံကြည်ကြသူများနှင့် နိုင်ငံတော်အစိုးရ၏ ရွေးကောက်ပွဲဆိုင်ရာစီမံဆောင်ရွက်မှုများအပေါ် သံသယကင်းရှင်းပြီး ထောက်ခံကြသည့် မဲပေးပိုင်ခွင့်ရှိသူပြည်သူများက တစ်ခဲနက် မိမိတို့ဆန္ဒအလျောက် ဒီဇင်ဘာ ၂၈ ရက် နံနက် ၅ နာရီခွဲမှပင် စတင်စောင့်ဆိုင်းလျက် မဲရုံများ စာမျက်နှာ ၁၇ သို့ ■



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၃)ရပ်ကွက်ရှိ မဲရုံအမှတ်(၂)အနီးသို့ Drop Bomb ချတိုက်ခိုက်ရာတွင် အသုံးပြုခဲ့သည့် Drone ယာဉ်အား နည်းပညာအသုံးပြု၍ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ စော်ဘွား(၁)ရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၃)အနီးသို့ Drop Bomb ချတိုက်ခိုက်မှုကြောင့် နေအိမ်များပျက်စီးမှုကို တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ထွေ/အုပ်ရုံးအား Drop Bomb ချတိုက်ခိုက်မှုကြောင့် ပျက်စီးမှုကို တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် နန်းတော်ကျွန်းကျေးရွာအတွင်းနှင့် အောင်မြေသာစံမြို့နယ်အတွင်းတို့သို့ ၁၀၇ မမ ရှော့တိုက်ဒုံးများ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးမှုကို တွေ့ရစဉ်။





အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက ကယားပြည်နယ် လွိုင်ကော်မြို့ ရွှေတောင်ရပ်ကွက်နှင့် မင်္ဂလာရပ်ကွက်အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်မှုကြောင့် ပျက်စီးမှုကို တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅) ရပ်ကွက်ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေးအမှတ် (၂) တံတားအနီး၌ ဒေသန္တရ လက်လုပ်မိုင်းများ ဖောက်ခွဲမှုကို တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်သို့ လက်လုပ်ရှော့တိုက်ဒုံးများ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၃)ရပ်ကွက်ရှိ မဲရုံအမှတ်(၂)အနီးသို့ Drop Bomb ချတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုကို တွေ့ရစဉ်။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၁၉ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျ ဆက်လက်မီးရှို့ဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၂၉

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ လေးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။




ကရင်ပြည်နယ် မြဝတီမြို့နယ် KK Park အတွင်းရှိ တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park) အပိုင်း(၃)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် လေးထပ်အဆောက်အအုံ တစ်လုံးနှင့် နှစ်ထပ်အဆောက်အအုံ သုံးလုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ လေးလုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၅၁၉ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံ ၇၁ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ယင်းအပြင် KK Park နယ်မြေနှင့်ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံများအား လေအိုးမီးအိုးဖြင့် ဖျက်ဆီးနေမှုကို တွေ့ရစဉ်။



KK Park နယ်မြေအတွင်း တရားမဝင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။

■ စာမျက်နှာ ၁၆ မှ

တစ်ပြိုင်နက်ဖွင့်လှစ်သည့် နံနက် ၆ နာရီမှ သတ်မှတ်ချိန်မဲရုံပိတ်သည့် ညနေ ၄ နာရီအထိနှင့် ၄ နာရီနောက်ပိုင်း မဲရုံပရိဝုဏ်အတွင်း ကျန်ရှိနေသည့် မဲဆန္ဒရှင်များကလည်း ဆက်လက်မဲပေးကြရာ ညနေ ၅ နာရီခွဲတွင် မြို့နယ် ၁၀၂ မြို့နယ်လုံးအနေဖြင့် ရွေးကောက်ပွဲအပိုင်း(၁)ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုများအနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အကြိုကာလများတွင်လည်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအားထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများကို လုပ်ဆောင်ခဲ့ရာ မြို့နယ်ပေါင်း ၄၁ မြို့နယ်တွင် အများပြည်သူဆိုင်ရာ နေရာများ၌ မဟုတ်မမှန် ဝါဒဖြန့်စာစောင်များ ဖြန့်ဝေခြင်း၊ ကပ်ထားခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ လှုံ့ဆော်စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများချိတ်ဆွဲခြင်း၊ မဲမပေးရန် လှုံ့ဆော်အော်ဟစ် ပြောဆိုခြင်း/ ဆဲဆိုခြင်း၊ မဲမပေးရန် လှုံ့ဆော်သည့် Sound Box/ Speaker များဖွင့်ခြင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အသိပညာပေးဆိုင်းဘုတ်၊ ပိုစတာများအား ရိုက်ချိုးခြင်း၊ လဲ့ချခြင်း၊ မီးရှို့ခြင်းများ ၂၃ ကြိမ်၊ မဲရုံလုံခြုံရေးတပ်ဖွဲ့ဝင်များအား နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း လေးကြိမ်၊ Drop Bomb ချ တိုက်ခိုက်ခြင်း ခြောက်ကြိမ်၊ လက်လုပ်အသံမိုင်းခွဲနှောင့်ယှက်ခြင်း နှစ်ကြိမ်၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်း ခြောက်ကြိမ်၊ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း သုံးကြိမ်၊ ရွေးကောက်ပွဲတာဝန်ခံဌာနဆိုင်ရာ အစိုးရဝန်ထမ်းများ၊ ရွေးကောက်ခံပါတီအဖွဲ့ဝင်များအား လက်နက်ကိုင်ခြိမ်းခြောက်ခြင်း သုံးကြိမ်၊ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခြောက်ကြိမ် စုစုပေါင်း ၅၄ ကြိမ် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများကို လုပ်ဆောင်ခဲ့ကြောင်းတွေ့ရသည်။

အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုများအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်မှုမရှိစေရေး၊ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစွာ မဖြစ်ပေါ်လာစေရေး နည်းလမ်းမျိုးစုံဖြင့် အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်ခြင်း၊ ပြည်ပြေးပြည်ဖျက် မီဒီယာများက မမှန်မကန်ရေးသား ထုတ်လွှင့်အသရေဖျက်ခြင်းများကို မည်ကဲ့သို့ပင် လုပ်ဆောင်ခဲ့ကြသည်ဖြစ်စေ နိုင်ငံတော်အစိုးရနှင့် ပါတီစုံဒီမိုကရေစီစနစ်ကို လိုလားထောက်ခံသူ ပြည်သူလူထု မဲဆန္ဒရှင်များအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများ၊ သံတမန်များ၊ သတင်းမီဒီယာများနှင့် ကိုယ်တိုင်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ ရှေ့မှောက်တွင် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အောင်မြင်ပြီးမြောက်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

သို့ဖြစ်ပါ၍ ဆက်လက်ကျင်းပသွားရမည့် ရွေးကောက်ပွဲအပိုင်း(၂) နှင့် အပိုင်း(၃)တို့တွင်လည်း မဲဆန္ဒရှင်ပြည်သူများ၏ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေး၊ လုံခြုံစိတ်ချမှုအပြည့်ဖြင့် ဆန္ဒမဲများပေးနိုင်ရေး နိုင်ငံတော်အစိုးရ၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမိုကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ ယဉ်ကျေးသိမ်မွေ့သောနည်းလမ်းဖြင့် ပါတီစုံဒီမိုကရေစီစနစ်သို့ ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် ဒီမိုကရေစီကိုထောက်ခံကြိုဆိုကြသည့်၊ နိုင်ငံအဝှမ်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည့် တာဝန်သိပြည်သူများအနေဖြင့်လည်း အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများ၊ သံသယဖြစ်ဖွယ်ရာများကို တွေ့ရှိရပါက တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

✯ စာမျက်နှာ ၂၄ မှ

ပြည်နယ်စည်ပင်ရုံး ဝန်ထမ်းမိသားစုများရန်ကုန်မြို့မှ ခရီးသွားဧည့်သည်များ၊ တောင်ကြီးမြို့ကန်ကြီးရပ်ကွက်သူ၊ ရပ်ကွက်သားများနှင့် ကျန်ခရီးသည်များလိုက်ပါကြပြီး နှစ်ခေါက်ပေါင်း ခရီးသည် ရိုးရိုးတန်း ၃၅၇ ဦး၊ အထက်တန်း ၁၂၀ စုစုပေါင်း ၄၇၇ ဦးနှင့် ဒီဇင်ဘာ ၂၈ ရက်တွင် ပြင်ပအင်္ဂလိပ်စာသင်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ အမှတ်(၅)ဈေးသူ၊ ဈေးသားများနှင့် ကျန်ခရီးသည်များ လိုက်ပါကြပြီး ရိုးရိုးတန်းခရီးသည် ၁၈၆ ဦး၊ အထက်တန်း ၆၀ စုစုပေါင်း ၂၄၆ ဦးဖြစ်ကြောင်း သိရသည်။

တောင်ကြီး-ပေါမှု ခရီးစဉ်မှာ ၁၁ ဒသမ ၄၁ မိုင် ကွာဝေးပြီး ပြေးဆွဲချိန် တစ်နာရီခွဲကြာမြင့်၍ တောင်ကြီးဘူတာမှ နံနက် ၉နာရီ စတင်ထွက်ခွာကာ လမ်းခရီးတွင် ဘဝသံသရာ အပိုင်းအနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီသိမ်ဘူတာ၌ ၁၅ မိနစ် ရပ်တန့်ပေးခဲ့ပြီး ပေါမှုဘူတာသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိ၍ ရထားတွဲဆိုင်းအား တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်ပေးကာ ပေါမှုဘူတာမှ နံနက် ၁၁ နာရီတွင် ပြန်လည်ထွက်ခွာပြီး တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။ ထို့အတူ တောင်ကြီးဘူတာမှ မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာသည့် ခရီးစဉ်တွင် တောင်ကြီးဘူတာသို့ ညနေ ၅ နာရီပြန်လည်ရောက်ရှိသည်။



ပြေးဆွဲသည့် ရထားတွဲဆိုင်းမှာ မြင်းကောင်ရေ ၂၀၀၀ အားစက်ခေါင်းဖြင့် အထက်တန်းသုံးတွဲ၊ ရိုးရိုးတန်း နှစ်တွဲနှင့် ရထားထိန်းတွဲ တစ်တွဲဖြစ်ပြီး တောင်ကြီး-ပေါမှု အသွား၊ အပြန်ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားမှာ အထက်တန်းတွဲအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် ရိုးရိုးတန်းအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဖြစ်သည်။

နောင်တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ အဆိုပါ တောင်ကြီး-ပေါမှု အသွား၊ အပြန် ခရီးစဉ်အတွက် အထက်ပါ သတ်မှတ်နှုန်းထားဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ခရီးသွားကုမ္ပဏီများ(Tour Company) ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ ရထားအဆိုင်းလိုက်(တစ်စင်းလုံး)ငှားရမ်းလိုပါကလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြင်ဦးလွင်ကော်ဖီစီမံကိန်းမြေများ ရောင်းခွန်၊ ဝယ်ခွန်ပေးဆောင်ရန် ကျန်ရှိနေသူများသို့ အသိပေးကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်ဒေသ ကော်ဖီစီမံကိန်းမြေ မြေလွတ်၊ မြေလပ်၊ မြေရိုင်းမြေနှင့် သစ်တောမြေများအတွင်း ကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့်အား စာချုပ်ပါ စည်းကမ်းနှင့်အညီ စာချုပ်ချုပ်ဆို၍ ခွင့်ပြုပေးခဲ့ရာ အချို့သော လုပ်ငန်းရှင်များသည် မိမိသဘောဆန္ဒအလျောက် ရောင်းချ/ဝယ်ယူခြင်းများ ပြုလုပ်ခဲ့ကြသဖြင့် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်း အရှိန်အဟုန်မပျက်စေရေး ရည်ရွယ်ကာ အထူးကိစ္စတစ်ရပ်အနေဖြင့် ရောင်းခွန်၊ ဝယ်ခွန်ပေးဆောင်ခြင်းအား ခွင့်ပြုကြောင်း သတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့ရာတွင် စိစစ်ချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယခုအချိန်တိုင်အောင် သတ်မှတ်အခွန်အခများအား တာဝန်မဲ့စွာ ပေးဆောင်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် |
|---|---|---|---|---|---|
| ၁ | ဒေါ်ခင်ဆွေဦး | ၁၃/ကရန(နိုင်)၀၇၉၈၅၀ | ၂၉ | ဦးတင်အေး | HZA-၀၂၈၁၇၈ |
| ၂ | ဒေါ်နန်းခင်စိန် | ၁၃/လရက(နိုင်)၁၃၁၆၁၆ | ၃၀ | ဦးတိုးဝင်း | ကျေးဇူးအဲန်-၀၂၅၃၉၄ |
| ၃ | ဒေါ်ရန်ကိုင်ဇော် | ၁၃/ကလတ(နိုင်)၀၁၇၈၂၆ | ၃၁ | ဦးထက်ဦးလွင် | ၁၂/ကတတ(နိုင်)၀၃၁၂၀၈ |
| ၄ | ဦးဇေယျာညွန့် | ၁၂/ဗတထ(နိုင်)၀၀၀၆၅၆ | ၃၂ | ဦးထွန်းထွန်း၊ စစ်မှုထမ်း(ငြိမ်း) | ၁၂/ဥကတ(နိုင်)၁၂၆၉၄၇ |
| ၅ | ဦးမင်းနိုင် | ၇/တကန(နိုင်)၁၃၈၁၅၈ | ၃၃ | ဦးထွန်းထွန်းဦး | MGDN-၀၁၆၉၃၈ |
| ၆ | ဦးမင်းမင်း | ၉/မရမ(နိုင်)၀၅၃၂၃၀ | ၃၄ | ဦးဖြိုးမောင်မောင်ဝင်း | ၉/ပဥလ(နိုင်)၀၀၄၉၃၄ |
| ၇ | ဦးလှစိုးဦး | ၅/ကနန(နိုင်)၁၅၁၈၅၆ | ၃၅ | ဦးမျိုးမြင့် | MUN-၀၀၉၀၁၉ |
| ၈ | ဒေါက်တာစိန်ကျော် | ၅/တဆန(နိုင်) ၀၅၇၇၁၇ | ၃၆ | ဦးမျိုးဝင်းငြိမ်း | ၁၂/မရက(နိုင်)၁၂၂၀၇၀ |
| ၉ | ဒေါ်ခင်သန်းဆွေ | ၁၂/ဗဟန(နိုင်)၀၄၇၆၄၈ | ၃၇ | ဦးမြင့်ဆွေ | ၁၂/အစန(နိုင်)၀၁၇၇၄၁ |
| ၁၀ | ဒေါ်စုသက်မြင့် | ၁၃/ကမန(နိုင်)၁၅၀၀၉၆ | ၃၈ | ဦးမြင့်မောင်မောင် | ၉/မရတ(နိုင်)၀၉၄၆၁၇ |
| ၁၁ | ဒေါ်မိမိနိုင် | ၁၂/ပမန(နိုင်) ၀၈၃၈၅၃ | ၃၉ | ဦးမြတ်ထွန်း | ၁၃/တကန(နိုင်)၁၃၄၀၁၉ |
| ၁၂ | ဒေါ်ရင်မာသန့် | ၁၂/ပဘတ(နိုင်)၀၁၃၁၂၆ | ၄၀ | ဦးရန်လင်း | ၉/ပမန(နိုင်)၀၈၃၈၅၃ |
| ၁၃ | ဒေါ်ရွှေမာ | ၉/ဝတန(နိုင်)၁၀၀၂၅၉ | ၄၁ | ဦးရဲမောင် | ၁၃/သပန(နိုင်)၀၀၅၅၅၆ |
| ၁၄ | ဒေါ်ရှယ်လီမြင့် | ၁၂/ဒဂန(နိုင်)၀၀၄၀၈၆ | ၄၂ | ဦးလင်းအောင်၊ စစ်မှုထမ်း(ငြိမ်း) | ISN - 557814 |
| ၁၅ | ဒေါ်သော်သော်ဇင်စိုး | ၁၂/ကတတ(နိုင်)၀၂၈၃၄၆ | ၄၃ | ဦးဝင်းကြည် | ၉/လဝန(နိုင်)၀၁၁၅၇၉ |
| ၁၆ | ဒေါ်အိအိဖြိုးမြင့် | ၈/မကန(နိုင်)၁၅၀၀၉၇ | ၄၄ | ဦးဝင်းလွင်ထွန်း | ၉/မမန(နိုင်) ၀၈၆၇၈၀ |
| ၁၇ | ဒေါ်အေးမွန်မွန်ကို | ၁၀/မပတ(နိုင်)၀၀၁၁၂၄ | ၄၅ | ဦးသန်းဌွေး | ပီပိုင်ယူ - ၀၀၈၇၂၂ |
| ၁၈ | ဦးကျော်မျိုးနိုင်၊ စစ်မှုထမ်း(ငြိမ်း) | ၁၂/သလန(နိုင်)၀၁၁၁၁၀ | ၄၆ | ဦးသန်းဌွေး | ၁၂/စခန(နိုင်)၀၅၃၉၈၁ |
| ၁၉ | ဦးကျော်မြင့် | ၉/မမန(နိုင်)၀၃၈၈၀၃ | ၄၇ | ဦးသိန်းဇော် | ၁၂/ဥကတ(နိုင်)၁၄၀၀၈၆ |
| ၂၀ | ဦးကျော်လွင်၊ စစ်မှုထမ်း(ငြိမ်း) | ၁၄/ပသန(နိုင်)၀၁၀၀၀၈ | ၄၈ | ဦးသိန်းဌွေး၊ စစ်မှုထမ်း(ငြိမ်း) | ကြည်း-၂၃၉၃၉ |
| ၂၁ | ဦးကျော်သန်းစိုး | ၁၂/တကန(နိုင်)၁၀၀၁၁၂ | ၄၉ | ဦးသိန်းနိုင် | ၈/မမန(နိုင်)၁၀၆၂၁၃ |
| ၂၂ | ဦးခင်ဇော် | ၉/မနမ(နိုင်)၀၅၉၄၂၅ | ၅၀ | ဦးသောင်းနိုင်ဦး | ၉/စကတ(နိုင်)၀၃၂၄၆၇ |
| ၂၃ | ဦးငွေထွန်း၊ စစ်မှုထမ်း(ငြိမ်း) | ၁၁/သတန(နိုင်)၀၀၇၆၂၄ | ၅၁ | ဦးအုန်းမြင့် | ၁၂/ဥကတ(နိုင်)၁၀၁၅၃၈ |
| ၂၄ | ဦးစိန်လှိုင် | ၁၂/မရက(နိုင်)၀၀၈၂၂၃ | ၅၂ | ဦးအောင်ကျော် | ၅/မရန(နိုင်)၀၂၆၀၈၁ |
| ၂၅ | ဦးစိန်အောင်၊ စစ်မှုထမ်း(ငြိမ်း) | ကြည်း-၁၁၇၀၄ | ၅၃ | ဦးအောင်ကျော်လှိုင်၊ စစ်မှုထမ်း(ငြိမ်း) | ၁၂/မဘန(နိုင်)၁၁၄၁၀၇ |
| ၂၆ | ဦးစိုးမင်း၊ စစ်မှုထမ်း(ငြိမ်း) | ၁၂/မဘန(နိုင်)၀၀၂၁၈၀ | ၅၄ | ဦးအောင်ဇော်လင်း | ၉/မထလ(နိုင်)၀၀၇၈၁၃ |
| ၂၇ | ဦးဇော်လင်းငြိမ်း | ၇/ရတန(နိုင်)၀၂၆၂၇၀ | ၅၅ | ဦးအောင်သိန်းထွန်း | ORGN/၀၀၂၀၉၆ |
| ၂၈ | ဦးတင့်လွင် | ၉/မမန(နိုင်)၀၇၃၇၃၃ | ၅၆ | ဦးသိန်းဝင်းဇော် | ၁/မညန(နိုင်)၀၇၀၅၂၇ |

၃။ သို့ဖြစ်ပါ၍ ရောင်းခွန်၊ ဝယ်ခွန်ပေးဆောင်ရန် ကျန်ရှိသူများအနေဖြင့် ၁၅-၁-၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍ ရောင်းခွန်၊ ဝယ်ခွန်ပေးဆောင်ကြရန်နှင့် ပျက်ကွက်ပါက ဝန်ကြီးဌာန စီမံခန့်ခွဲရေးနည်းလမ်းအရ နာမည်ပျက် စီးပွားရေးလုပ်ငန်းရှင်စာရင်း ရေးသွင်းသွားမည်ဖြစ်ကြောင်း အသိပေးပါသည်။

၄။ ရောင်းခွန်၊ ဝယ်ခွန်ပေးဆောင်ရန် ကျန်ရှိနေသေးသော လုပ်ငန်းရှင်စာရင်းအား ဆက်လက် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး စုံစမ်းမေးမြန်းလိုသည်များရှိပါက ခရိုင်ဦးစီးမှူး၊ ပြင်ဦးလွင်ခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာန (ဖုန်း ၀၉-၄၄၄၀၂၂၆၁၂) သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

# မိုးညှင်းတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး၊ ဘော်လီဘောပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မိုးညှင်း ဒီဇင်ဘာ ၂၉**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းတက္ကသိုလ်တွင် ယခုပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပိုလ်လုပွဲစဉ်များနှင့် ဆုများချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီက တက္ကသိုလ် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပခဲ့သည်။



ဘာသာရပ်ပေါင်းစုံ အမျိုးသမီး ဘော်လီဘောပိုလ်လုပွဲစဉ်တွင် ပထဝီဝင်အသင်းနှင့် ညွန့်ပေါင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ညွန့်ပေါင်းအသင်းကလည်းကောင်း၊ အမျိုးသားဘော်လီဘောပိုလ်လုပွဲစဉ်တွင် ရူပဗေဒအသင်းနှင့် ညွန့်ပေါင်း(ဂ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ညွန့်ပေါင်း(ဂ) အသင်းကလည်းကောင်း အသီးသီးဗိုလ်စွဲသွားခဲ့ကြပြီး အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ ရက်မှ စတင်ကာ အသင်းများ ပတ်လည်ကစားခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနိုင်နိုင်လတ်က အဖွင့်အမှာစကားပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများအား သင်ကြားရေးဖြစ်သည့် ပညာရေးသာမက လေ့ကျင့်ရေးဖြစ်သည့် ထူးချွန်ထက်မြက်သောအားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ အားကစားပြိုင်ပွဲများကို ကျင်းပပေးရခြင်း ဖြစ်ကြောင်း ပြောကြားကာ အမျိုးသား၊ အမျိုးသမီးဘော်လီဘော ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယများရရှိကြသည့်အသင်းများကို ဆုဖလားနှင့်အတူ ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ အသင်း၏ နေရာအလိုက် အကောင်းဆုံးကစားသမားဆုများနှင့် တံခွန်စိုက်ဒိုင်းဆုဖလားကြီးများကို တက္ကသိုလ်ပါမောက္ခချုပ်နှင့် ပါမောက္ခ(ဌာနမှူး)တို့က ဆုများကို အသီးသီးချီးမြှင့် ပေးအပ်ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**ရွှေမိုးညှင်း**

၀-၀-၀-၀-၀

# အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ ပင်စင်လာရောက် ထုတ်ယူသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွေးတိုးရောဂါ၊ သွေးချို၊ ဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီခွဲက မြန်မာ့စီးပွားရေးဘဏ်ရုံးအတွင်း၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်တိုင်းပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါ စစ်ဆေးကုသပေးခဲ့ပြီး သက်ဆိုင်ရာရောဂါများအလိုက် သောက်ဆေးများကို အခမဲ့ပေးအပ်ခဲ့သည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့်အဖွဲ့ဝင်များက အခမဲ့ဆေးကုသဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှု၍ ဆေးဝါးကုသခံယူမှု နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာ လာရောက်ဆန္ဒမဲပေး

**မင်းဘူး ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများက ဒီဇင်ဘာ ၂၈ ရက် နံနက် ၆ နာရီမှစပြီး မဲရုံအသီးသီးတွင် ဆန္ဒမဲများ အေးချမ်းစွာ လာရောက်ပေးခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့မှစတင်၍



အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များအလိုက် မင်းဘူး(စကု)မြို့နယ်အနေဖြင့် ရပ်ကွက်နှင့် ကျေးရွာများ၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၏ နောက်ဆုံးအကြိမ် (တတိယအကြိမ်)ထုတ်ပြန်သည့် မဲရုံနှင့် မဲစာရင်းများအရ မြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၅၇ အုပ်စုတွင် ရပ်ကွက်မဲရုံ ၂၂ ရုံ၊ ကျေးရွာမဲရုံ ၈၆ ရုံ၊ တပ်မဲရုံ ၃ ရုံ စုစုပေါင်းမဲရုံ ၁၁၁ ရုံ၌ မဲဆန္ဒရှင်ပြည်သူ စာရင်းရှိ ကျား ၅၄၃၇၀ ဦး၊ မ ၆၂၅၆၁ ဦး စုစုပေါင်း လူဦးရေ ၁၁၆၉၃၁ ဦး ရှိကြောင်း၊ အဆိုပါ မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းပျော်ရွှင်စွာ မဲပေးနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြန့်ဝေပေးထားသည့် မြန်မာအီလက်ထရောနစ် မဲပေးစက် (EVM) အလုံးရေ ၄၄၈ အသုံးပြု၍ သက်ဆိုင်ရာ မဲရုံတာဝန်ခံများနှင့် မဲရုံလုံခြုံရေး ပူးပေါင်းအဖွဲ့များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**မောင်မောင်(မင်းဘူး)**

သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၆)၊ ဦးပိုင်အမှတ်(၁၀၁+၁၁၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁ + ၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးအိုက်မောင် အမည်ပေါက် ဂရန်မြေကွက်များနှင့် ယင်းမြေကွက်ပေါ်ရှိ လျှပ်စစ်မီတာအပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားသူဖြစ်သော ဦးမင်းသူ(ဘ)ဦးသန်းစိန်(၉/အမဇ(နိုင်)၀၀၂၇၀၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၆)၊ ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးအုပ်စိုးကျော်၊ ဒေါ်အိမွန်ကျော် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံပေါက်ရောက်သစ်ပင်တို့အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဂရန်အမည်ပေါက်ပိုင်ဆိုင်ထားသူများဖြစ်ကြသော ၁။ ဦးအုပ်စိုးကျော်(ဘ)ဦးလှကြည်(၉/အမဇ(နိုင်)၀၁၃၇၄၁)၊ ၂။ ဒေါ်အိမွန်ကျော်(ဘ)ဦးကျော်ရှိန်(၉/မခန(နိုင်)၁၉၆၅၂၁)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ နန်းဦးလွင်ကျေးရွာ၊ ကွင်းအမှတ်(၄၉၃/သရက်ကုန်း)၊ ဦးပိုင်အမှတ်(၁၀/၁၇၉)၊ ဧရိယာ(၀ ဒသမ ၀၁၈)ဧက အကျယ်အဝန်းရှိ ရွာမြေနှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အအုံ၊ ရေ+မီး အပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ (၁)ဒေါ်ချောစုနန္ဒာကြွယ်(ဘ)ဦးသန်းကြွယ်(၇/ရတန(နိုင်)၀၇၄၂၅၃)နှင့် (၂)ဒေါ်ကေသီသန်းထက်(ဘ)ဦးသန်းကြွယ်(၉/ပကခ(နိုင်)၀၀၈၆၁၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဆန်း(ဘ)ဦးထွန်းရှိန်(၉/မထလ(နိုင်)၀၆၅၆၄၃)နှင့် ဒေါ်စန်းစန်းဝင်း(ဘ)ဦးညွန့်ဆွေ(၉/မထလ(နိုင်)၁၆၅၅၂၇)တို့က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ တစ်စိတ်တစ်ဒေသ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှု ရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ညိုစင်ထွန်း (LL.B) ဒေါ်လွင်သက်ထား (LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ**
**လမ်း၇၀၊ လမ်း၃၀နှင့် ၃၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၉၆၂၉၉၁၄၅၊ ၀၉-၉၇၄၈၂၆၂၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ အောင်ချမ်းသာကျေးရွာ၊ ကွင်းအမှတ်(၆၅၅)၊ ဦးပိုင်အမှတ်(၄၂-က)မြေကွက်အတွင်း Row B မြေကွက်အတန်းရှိ အကွက်ရိုက်မြေကွက်၊ မြေကွက်အမှတ်(၁၇)သည် ဒေါ်ခင်လေးမွန်(၈/ပမန(နိုင်)၁၀၂၁၈၅)က တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသည့် မြေကွက်ဖြစ်ပါသည်။

အထက်ပါမြေကွက်ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်လေးမွန်ထံမှ ကျွန်ုပ်၏အမှုသည်က အပိုင်ဝယ်ယူရန် သဘောတူညီသဖြင့် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ပြောဆိုလိုပါက ဤကြေညာသည့်ရက်မှစ၍ (၁၀)ရက်အတွင်း မိမိအထောက်အထားပြသည့် စာရွက်စာတမ်းမူရင်း၊ စာချုပ်စာတမ်းမူရင်းတို့နှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်တိုးတိုးဝင်း (မဟာဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
၃၆လမ်း၊ ၇၇လမ်းနှင့်၇၈လမ်းကြား၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၀၁၂၈၂၅၊ ၀၉-၆၉၄၀၇၇၃၃၃

## အများသိစေရန်ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၉)၊ ဦးပိုင်နံပါတ်(၃၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးဘုန်းမြင့်နိုင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်အေးမြတ်နန္ဒာ(ဘ)ဦးအိုက်မွန်(၉/ခအဇ(ပြု)၀၀၀၄၃၉)နှင့် ဒေါ်အေးဇင်(ဘ)ဦးအိုက်မောင်(၁၃/လလန(နိုင်)၀၇၂၈၉၁)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင်(LL.M) ဒေါ်အေးနန္ဒာထွန်း(LL.B) ဒေါ်မာလာစိုး(LL.B) ဒေါ်ဖူးသန့်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၅)၊ ဦးပိုင်အမှတ်(၆၀)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးခင်မောင်လေး အမည်ပေါက် ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူဖြစ်သော ဦးတင်မောင်ဇော်(ဘ)ဦးသာရွှင်(၉/စကတ(နိုင်)၀၁၆၉၂၆၊ SKG-၀၀၁၈၄၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၃)၊ ဦးပိုင်အမှတ်(၁၈)၊ ဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးကျော်ကျော်ထွန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပျဉ်ထောင်သွပ်မိုးတစ်ထပ်အဆောက်အအုံ၏ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင် ဂရန်အမည်ပေါက်ပိုင်ဆိုင်ထားသူဖြစ်သော ဦးကျော်ကျော်ထွန်း(ဘ)ဦးထွန်းမြင့်(၅/ဒပယ(နိုင်)၀၀၀၄၅၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၃၃)၊ ဦးပိုင်အမှတ်(၇၀+၇၁) မြေကွက်ပေါ်တွင် ဦးကျော်စိန်(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ပဥလ(နိုင်)၀၁၇၇၁၃)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊ အဆောက်အအုံနှင့်ကုန်ရုံဌာန ၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ပ-၃)၊ ဦးပိုင်အမှတ်(၆၀) မြေကွက်ပေါ်တွင် ဒေါ်လီလီမြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/နမတ(နိုင်)၀၂၄၀၇၉)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊ အဆောက်အအုံနှင့်ကုန်ရုံဌာန ၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၅၉)၊ ဦးပိုင်အမှတ်(၂၅) မြေကွက်ပေါ်တွင် ဒေါ်ခင်မြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၆၀၇၂၃)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊ အဆောက်အအုံနှင့်ကုန်ရုံဌာန ၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ်(၆၄၈)၊ ဦးပိုင်အမှတ်(၃၆) မြေကွက်ပေါ်တွင် ဒေါ်ဝင်းဝင်းအေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရတ(နိုင်)၀၀၁၅၇၇)က RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊ အဆောက်အအုံနှင့်ကုန်ရုံဌာန ၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

❖ သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ကြံ့ကြံ့ခံနိုင်ရည်ကို မြှင့်တင်ပေးနိုင်ရုံသာမက သဘာဝဘေးကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုများ မဆုံးရှုံးစေရေးအတွက်ကို အကျိုးရှိစေမည်ဆိုသည်ကို အသိပေးလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေလ ၂၉ ရက်နေ့တွင် ပြုလုပ်သော မန္တလေးလျှင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒီဇင်ဘာ ခရစ္စမတ်ရုံးပိတ်ရက်ကာလအတွင်း တောင်ကြီး-ပေါ်မူ၊ ပေါ်မူ-တောင်ကြီး ရှုခင်းကြည့် Sight Seeing ရထားခရီးစဉ် ခရီးသည်စီးနင်းမှုများပြား

နေပြည်တော် ဒီဇင်ဘာ ၂၉

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ တောင်ကြီးမြို့၏ သာယာလှပသော ရှုခင်းများအား စိတ်ချမ်းမြေ့စွာ ကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါ်မူ-တောင်ကြီး (အသွား/အပြန်)ရထားခရီးစဉ်ကို ခရစ္စမတ်ရုံးပိတ်ရက်ကာလဖြစ်သည့် ဒီဇင်ဘာ ၂၅ ရက်မှ ၂၈ ရက်အထိ လေးရက်တိုင်တိုင် ပြေးဆွဲပေးခဲ့ရာ ရထားစီးခရီးသည် စီးနင်းမှုများပြားခဲ့ကြောင်း သိရသည်။



**တစ်ရက်နှစ်ကြိမ် အသွား/အပြန် ပြေးဆွဲ**

ရှုခင်းကြည့်ရထားခရီးစဉ်ကို ပြည်သူများကြိုက်နှစ်သက်ကြပြီး ရထားစီးခရီးသည် များပြားမှုကြောင့် ဒီဇင်ဘာ ၂၅ ရက်နှင့် ၂၇ ရက်တို့တွင် တောင်ကြီးဘူတာမှ နံနက် ၉ နာရီနှင့် မွန်းလွဲ ၁ နာရီခွဲတို့တွင် တစ်ရက်နှစ်ကြိမ် အသွား/အပြန် ပြေးဆွဲပေးခဲ့သည်။

ရထားစီးနင်းမှုအနေဖြင့် ဒီဇင်ဘာ ၂၅ ရက်တွင် ပြည်နယ်ဆည်မြောင်းရုံးမှဝန်ထမ်းနှင့် မိသားစုများ၊ နမ့်ဆန်မြို့သူ/ မြို့သားများ၊ ရန်ကုန်မြို့မှ ခရီးသွားဧည့်သည်များ၊ တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်သူ/ရပ်ကွက်သားများ၊ ကမ္ဘောဇဘဏ် ဝန်ထမ်းမိသားစုများနှင့် ကျန်ခရီးသည်များ လိုက်ပါကြပြီး နှစ်ခေါက်ပေါင်းခရီးသည် ရိုးရိုးတန်း ၃၇၂ ဦး၊ အထက်တန်း ၁၂၀ စုစုပေါင်း ၄၉၂ ဦး၊ ဒီဇင်ဘာ ၂၆ ရက်တွင် လွယ်ကောင်းရွာနှင့် ပလီလင်းရွာတို့မှ မိသားစုများ၊ စဝ်စံထွန်းဆေးရုံမှ ဝန်ထမ်းများနှင့် ကျန်ခရီးသည်များလိုက်ပါကြပြီး ရိုးရိုးတန်းခရီးသည် ၁၈၆ ဦး၊ အထက်တန်း ၆၀ စုစုပေါင်း ၂၄၆ ဦး၊ ဒီဇင်ဘာ ၂၇ ရက်တွင် Zumbar စက်ဘီးစီးအဖွဲ့များ၊ စာမျက်နှာ ၁၇ သို့ ✯

# တက်ဆူရိုယူကီအား နည်းစနစ်ဒါရိုက်တာအဖြစ် ရန်ကုန်ယူနိုက်တက်အသင်း ခန့်အပ်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်ယူနိုက်တက်အသင်းသည် နည်းစနစ်ပိုင်းပိုမိုကောင်းမွန်စေရန် ရည်ရွယ်၍ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း နည်းပြဟောင်း တက်ဆူရိုယူကီအား နည်းစနစ်ဒါရိုက်တာအဖြစ် ၂၀၂၅-၂၀၂၆ ရာသီကုန်အထိ ခန့်အပ်လိုက်ပြီဖြစ်သည်။

မြန်မာ့ဘောလုံးလောကနှင့် အတွေ့အကြုံကောင်းများစွာ ပိုင်ဆိုင်ထားသူ တက်ဆူရိုယူကီသည် JFA Pro license ကိုင်ဆောင်ထားသော နည်းပြဖြစ်ပြီး မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့်အတူ ၂၀၂၅ နီပေါ ဖိတ်ခေါ်ဖလားပြိုင်ပွဲတွင် ပထမဆု ၊ ၂၀၂၅ Asean Women's MSIG Serenity Cup တွင် ဒုတိယဆု၊၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲတွေ ဒုတိယဆုတို့ ရရှိအောင် စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းကိုရောက်ရှိလာပြီးနောက် တက်ဆူရိုယူကီက " ဒီလိုအံ့သြဖွယ် ရန်ကုန်ယူနိုက်တက်အသင်းကြီးကို ရောက်ရှိလာခဲ့တာ ကျွန်တော်အရမ်းဝမ်းမြောက်မိပါတယ်။ အသင်းကစားသမားတွေ၊ ဝန်ထမ်းတွေ၊ ပရိသတ်တွေနဲ့အတူ အသင်းရဲ့ပန်းတိုင်တွေကို ရောက်ဖို့ ကျွန်တော်အကောင်းဆုံး ကြိုးစားသွားပါမယ်" ဟုပြောသည်။




ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုနှစ်ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၉)ပွဲ ကစားအပြီးတွင် ရမှတ် ၂၂မှတ်ဖြင့် အဆင့် (၂)နေရာတွင် ရပ်တည်လျက်ရှိသည်။

(NGB)

0-0-0-0-0

# အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူ အလုပ်ပိတ်ရက်များ၏ ကြားရက်များကို တစ်ဆက်တည်းပိတ်ပေးပြီး ပိတ်သောရက်များအတွက် စနေတစ်ရက် ပြန်အစားထိုးရန် သတ်မှတ်သည့် လက်ကျန်ရက်အား ပြင်ဆင်သတ်မှတ်

နေပြည်တော် ဒီဇင်ဘာ ၂၉

နိုင်ငံတော်အစိုးရသည် အများပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှု လွယ်ကူစေရန်နှင့် ရက်ရှည်အနားယူ အပန်းဖြေနိုင်စေရန်အတွက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၅ ခုနှစ် ပြက္ခဒိန်နှစ်အတွင်း အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များကြားရှိ ရုံးဖွင့်ရက်များကို တစ်ဆက်တည်း ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးသွားခဲ့ပြီး စနေနေ့တစ်ရက်စီကို အစားထိုးရုံးတက်ရက်များအဖြစ် သတ်မှတ်ပေးခဲ့သည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်(ခရစ္စမတ်နေ့)၊ ၂၇ ရက်(စနေနေ့)နှင့် ၂၈ ရက်(တနင်္ဂနွေနေ့)တို့ကြားရှိ ဒီဇင်ဘာ ၂၆ ရက်ကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ကာ တစ်ဆက်တည်းရုံးပိတ်ရက်လေးရက်အဖြစ်သတ်မှတ်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက်(စနေနေ့)ကို အစားထိုးရုံးတက်ရက်အဖြစ် သတ်မှတ်ခဲ့သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက်(စနေနေ့)သည် နိုင်ငံတကာ နှစ်သစ်ကူးရုံးပိတ်ရက်များနှင့် လွတ်လပ်ရေးနေ့ ရုံးပိတ်ရက်အကြားရှိ ကြားရက်ဖြစ်နေခြင်း၊ နိုင်ငံတကာနှစ်သစ်ကူးရုံးပိတ်ရက်ကာလနှင့် တစ်ဆက်တည်းဖြစ်နေခြင်း၊ လွတ်လပ်ရေးနေ့ အကြိုကာလဖြစ်နေခြင်းတို့ကြောင့် စနေနေ့ အစားထိုးရုံးတက်ရက်အား ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက်(စနေနေ့)အစား ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်(စနေနေ့) ကို ပြင်ဆင်သတ်မှတ်လိုက်ကြောင်း သိရသည်။

သတင်းစဉ်